မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၅)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နောင်တိုးပွားလာမည့် လူဦးရေနှင့် စက်မှုလုပ်ငန်းများအတွက် မြို့သစ်တည်ဆောက်ခြင်းဖြစ်

တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မြန်ဆန်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်

လယ်ယာသုံး အသေးစားစက်ကိရိယာများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ကိုင်

ရန်ကုန် ဇွန် ၄

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၃ ရက် နံနက် ၇နာရီခွဲတွင် မြိတ်မြို့နယ် ကျွဲကူးကျေးရွာအနီးရှိ King Star Enterprise ၏ ကျွဲကူးမြေပေါ်လွန်းကျင်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များအား ညွှန်ကြားမဆောင်၌ ဒါရိုက်တာ ဦးလှိုင်သူရက ကျွဲကူးမြေပေါ်လွန်းကျင်း စတင်တည်ဆောက်ခဲ့မှုနှင့်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပြင်ဆင်နိုင်သည့် စက်လှေအရေအတွက်နှင့် ဝန်ထမ်းအင်အား၊လွန်းတင်မည့် စက်လှေများအတွက် လွန်းကျင်း၏ဆောင်ရွက်ထားရှိမှုများနှင့် ဝန်ဆောင်ခ ကောက်ခံမှု၊ စက်လှေအသစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့နယ် ကျွဲကူးမြေပေါ် လွန်းကျင်း၌ ပင်လယ်ကမ်းနီး ကမ်းဝေး ငါးဖမ်းနှင့် ကုန်တင်စက်လှေကြီးများ လွန်းတင်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက် သတင်းနှင့် ဓာတ်ပုံ အညွှန်း

❒ **ဟင်းသီးဟင်းရွက် စိုက်ပျိုးရာတွင် ဟင်းသီးဟင်းရွက် အမျိုးအစားနှင့် စိုက်ပျိုးသူ၏ ကြိုးပမ်းဆောင်ရွက်မှု အပေါ် မူတည်၍ အကျိုးကျေးဇူးခံစားရ။ အနည်းဆုံး ဟင်းသီးဟင်းရွက်ကို လတ်လတ်ဆတ်ဆတ်စားသုံးရခြင်း၊ ဝယ်ယူစားသုံးရခြင်းမှ သက်သာပြီး အကုန်အကျသက်သာခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ မိသားစုသုံးငွေ ချွေတာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်။**

မောင်ဝ(စိုက်ပျိုးရေး)၏ ဆောင်းပါး (စာ-၁၀)



ဂျပန်၌ ပန်းချီရေးဆွဲနိုင်သည့် စက်ရုပ် တီထွင်

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၅ ရက်)

သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာပေါ်ရှိ သတ္တဝါများသည် ရေ၊မြေ၊တော၊တောင်၊မြစ်၊ချောင်း၊အင်း၊အိုင်၊ပင်လယ်၊သမုဒ္ဒရာ စသည့် သဘာဝပတ်ဝန်းကျင်ကိုအမှီပြု၍ အသက်ရှင်ရပ်တည်နေကြရသည်။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင်ကို မပျက်စီးမယိုယွင်းစေရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ဒေသအားလုံးတွင် သဲကန္တာရများ တစ်စတစ်စ ကျယ်ပြန့်လာလျက်ရှိသည်။ ဤသို့ သဲကန္တာရများ ကျယ်ပြန့်လာမှုများကြောင့် နိုင်ငံအများအပြားကို စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ဖွယ်ရာများ ဖြစ်စေခဲ့သည်။

ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်က မိုးခေါင်မှုများကြောင့် မြေများပျက်စီးခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ၁၉၉၁ခုနှစ်မှစပြီး ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ခုနှစ်တွင် ကုလသမဂ္ဂ သဲကန္တာရဆိုင်ရာ ကွန်ဖရင့်က သဲကန္တာရတိုက်ဖျက်ရေး အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

အာရှဒေသရှိ မိုးခေါင်ရေရှားရပ်ဝန်းသည် ၁ဒသမ၇ဘီလီယံဟက်တာ ကျယ်ဝန်းသည်။ မြေထဲပင်လယ်ကမ်းခြေမှ ပစိဖိတ်ကမ်းခြေများအထိ ကျယ်ပြန့်သည်။ တရုတ်၊ အိန္ဒိယ၊ အီရန်၊ မွန်ဂိုလီးယားနှင့် ပါကစ္စတန်နိုင်ငံတို့တွင် သဲကန္တာရများ ကျယ်ပြန့်လာသည်။

နီပေါနိုင်ငံ၏တောင်များ ရေတိုက်စားမှု လျင်မြန်စွာဖြစ်ပေါ်နေပြီး တောများပြုန်းတီးလာသည်။ လူအများစုမှာ သဲကန္တာရဖြစ်ခြင်းနှင့် မိုးခေါင်မှုဒဏ်ကို ခံစားနေကြရသည်။ ဤသို့ သဲကန္တာရများဖြစ်လာခြင်းကြောင့် အာရှတိုက်နိုင်ငံများသည် သဲကန္တာရတိုက်ဖျက်ရေးအတွက် ဂရုတစိုက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ဇုန်ဖြစ်သည်။ အဆိုပါ အပူပိုင်း ဇုန်မှလွဲ၍ မြန်မာနိုင်ငံတွင် မေလမှ အောက်တိုဘာလကုန်အထိ မိုးသိသာစွာ ရွာသွန်းသည်။ ကမ်းခြေဒေသများ၊ မြစ်ဝကျွန်းပေါ်နှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၏ နှစ်စဉ်မိုးရွာသွန်းမှုမှာ မီလီမီတာ၅၀၀၀ ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နှစ်စဉ်မိုးရွာသွန်းမှုမှာ မီလီမီတာ၆၀၀ ထက်ပင် လျော့နည်းနေသည်။

အပူပိုင်းဒေသတွင် ၁၃ ခရိုင်စိမ်းလန်း စိုပြည်ရေး စီမံကိန်းများ၊ ဆည်အစုအဖွဲ့များ ထူထောင်ပေးခြင်းနှင့် ကျေးလက်ရေရရှိရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံချက်ကြောင့် ယခင်က တောင်ကတုံးများနှင့် လွင်တီးခေါင်မြေများသည် ယခုအခါ သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်နေသည်ကို တွေ့မြင်နေရပြီ ဖြစ်သည်။

အပူပိုင်းဒေသတွင် ဆည်အစုအဖွဲ့များ ပေါ်ပေါက်လာသဖြင့် ဒေသနေပြည်သူများ မိုးကောင်းရေသောက်လယ်သမားဘဝမှ ဆည်ရေကို အသုံးပြုကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်၍လည်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဲကန္တာရတိုက်ဖျက်ရေးကို တပေါင်းတစည်းတည်း ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့အပြင် ကျေးလက်ရေရရှိရေး စီမံကိန်းများ ပေါ်ပေါက်လာ၍လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူ ဖြစ်စေခဲ့သည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိ သတ္တဝါများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မပျက်စီး မယိုယွင်းစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဆောင်၊ အခန်းများ သန့်ရှင်းရေးဆောင်ရွက် ကလေးများ ကျန်းမာရေး အထူးဂရုစိုက်

ရန်ကုန် ဇွန် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ညနေပိုင်းက အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း လိုက်ပါလျက် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ ရောက်ရှိကြရာ ဧည့်ခန်းမတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ရှင်းလင်းတင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေနုက ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ကလေးများ၏အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွှေဂုံတိုင် ကလေးပြုစုရေးဌာန၏ လုပ်ငန်းများ၊ အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလေးများ၏ အဆောင်၊ အခန်းများ သန့်ရှင်းရေး၊ ကလေးများ၏ ကျန်းမာရေးတို့ကို အထူးဂရုစိုက်၍ဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ကြီးသည် ကလေးများကို တစ်ဦးချင်း နွေးထွေးစွာ နှုတ်ဆက်သည်။**(အပေါ်ပုံ)** ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ချမ်းမြေ့အိမ်မူကြိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။မူကြိုကျောင်းအုပ်ဆရာမဒေါ်ညိုညိုသန့်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၆-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။	လက်စွမ်းပြဟန်ဂီတသံ
၄း၄၅	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၀၀	၇။	မျိုးချစ်တပ်မတော်
၅း၁၅	၈။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသ သတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၄၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ကျန်းမာသုတ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၁၀)

ထုံးကျောက် ရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်း ထိရောက်အောင်မြင်အောင်ဆောင်ရွက်

ရန်ကုန် ဇွန် ၄

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဘိလပ်မြေစက်ရုံ တည်ဆောက်နိုင်ရန် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မေ ၃၁ရက် နံနက်ပိုင်းက နေပြည်တော်မှတစ်ဆင့် ထုံးကျောက် ရှာဖွေစမ်းသပ် တိုင်းတာရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က ထုံးကျောက်ရှာဖွေစမ်းသပ် တိုင်းတာဆောင်ရွက်မှု အခြေအနေ၊ မြေပေါ်ထုံးကျောက် နမူနာများနှင့် လွန်အူစာနမူနာများ ဓာတ်ခွဲစမ်းသပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက ထုံးကျောက် ရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်းကို အချိန်တိုအတွင်း လုပ်ငန်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းအိမ်ရာ တိုက်-၁၂ အခန်း ၁၀၈နေ ဦးဝင်းစိုး (၅)နှစ်မြောက် အားရည်စူး၍ ဒေါ်တင်ရွှေ မိသားစုတို့က ဆေးပဒေသာပင်ငွေ ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ဝင် ဒေါ်ခင်သန်းချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၀၆
(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မဟာ
၇း၁၅	Science Tech Today (ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း) (အပိုင်း-၁) [ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးထွန်းလွင်]
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	မျှော်သူမမောစေချင်(စိုးသီဟ၊ ဆုပန်ထွာ၊နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	Management Talk (ဦးမျိုးမြတ်သူ၊ဒေါ်ခင်စန်းရီ)
၉း၄၅	မြေအိုးထမင်းနှင့်အခြားအရန်ဟင်းများ(အပိုင်း-၂) (မြေအိုးထမင်း၊ အာလူးအမျှင်သုပ်၊ ငှက်ပျောဖူးသုပ်)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	ဟန်ဆောင်ကာမှုပို (ဇာနည်မောင်၊ ရတနာပုံ)
၁၀း၁၅	အမှတ်(၄)အထပ်သားစက်ရုံ (ပုသိမ်)
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	World Cup Special (Group-C)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ဓာတ်ပုံပြပွဲ(ကိုဦး)
၁၁း၃၅	ပြည်သူ့အတွက်ကျန်းမာရေး (အရိုးပွရောဂါမေးမြန်းခန်း)
၁၁း၅၅	ဝယ်ချင်စရာမျိုးစုံစွာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ် နောက်ထပ် အလားအလာအသစ်များ ထပ်မံရှာဖွေတူးဖော်

အမှာစကား ပြောကြား

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

နေပြည်တော် ဇွန် ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ၂၀၀၆- ၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၃ ရက်က နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်း၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာ၌ ယခုအခါတွင် ကမ္ဘာ့စက်သုံးဆီဈေး အဆမတန်မြင့်တက်နေကြောင်း၊ ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိထုတ်လုပ်မှုကို ထိန်းသိမ်းရင်း နောက်ထပ်အလားအလာအသစ်များကို ထပ်မံရှာဖွေတူးဖော် ထုတ်လုပ်သွားကြမည်ဖြစ်ကြောင်း၊ ပေနက်တွင်းတူးစက်များလည်း မှာယူထားပြီးဖြစ်ရာ ရောက်ရှိပါက ပေနက်ပိုင်းအလားအလာများကို ရှာဖွေတူးဖော်နိုင်တော့မည်ဖြစ်ကြောင်း၊ တိုင်းတာရရှိပြီးဖြစ်သည့် ဆိုက်စမစ် အချက်အလက်များကို သေချာစွာ လေ့လာသုံးသပ်ပြီး တွင်းသစ် တူးဖော်မည့် အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်မည့် တွင်းဖြောင့်တူးဖော်ခြင်းနည်းပညာဖြင့် စမ်းသပ်တူးဖော်သွားနိုင်ရေး လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံပိုင်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးနှင့် မသမာမှုများ ပပျောက်စေရေးတို့အတွက် သက်ဆိုင်ရာအဆင့်ဆင့်အလိုက် ကြပ်မတ် ထိန်းသိမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ချမှတ်ပေး

ထို့နောက် ရေနံမြေအထွေထွေမန်နေဂျာများက ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူတို့က ကဏ္ဍအသီးသီးအလိုက် အသေးစိတ်သုံးသပ် ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ရေနံမြေအလိုက် တိုးတက်ထုတ်လုပ်သွားရမည့် လျာထားချက်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တွေမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ စုပေါင်းရဟန်းခံရှင်ပြု

ရန်ကုန် ဇွန် ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် မေ ၂၈ရက် နံနက်ပိုင်းက စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်တို့နှင့်အတူ စစ်တွေမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုဌာန လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ခေမာမဏ္ဍိုင်ကျောင်းတိုက်၌ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ကျားရုပ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇယန္တထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်နယ် သံဃနာယကဥက္ကဋ္ဌ ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။

ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင်သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ မြို့နယ်အသင်း အလုပ်အမှုဆောင် ဒေါ်ဆာဆုက အသင်းရုံး အဆောက်အအုံသစ်တည်ဆောက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး အသင်းရုံးသစ်အား ဗဟိုအလုပ်အမှုဆောင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ကီမိုခန်းမ၌ ပလက်ဝမြို့ပေါ်ရှိ အသင်းဝင်များနှင့်တွေ့ဆုံ အမှာစကား ပြောကြားပြီး ကွန်ပျူတာတစ်စုံ၊ အဝတ်အထည်များ၊ အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပလက်ဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအသုံးပြုရန်အတွက် ဗလာစာအုပ်များ၊ အားကစား ပစ္စည်းများနှင့် ကျောင်းပညာရေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်လှူဒါန်းခဲ့သည်။ ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ပလက်ဝမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးပဒေသာပင်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ပလက်ဝမြို့ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) ဘုရားရှိခိုးကျောင်းသို့ရောက်ရှိပြီး မြို့နယ်အတွင်းရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ဘုန်းတော်ကြီးများနှင့်တွေ့ဆုံ၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အသင်းများအတွက် အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် မေ ၃၁ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းသို့ ရောက်ရှိပြီး စေတနာရှင်များ စုပေါင်းပြီး ကျင်းပသည့် ရှင် ၁၀၈ပါး စုပေါင်းရှင်ပြုပွဲသို့ တက်ရောက်သည်။ အခမ်းအနားတွင် ဗဟိုကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာသာမိထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ကွန်ပျူတာတစ်စုံ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ရန်ကုန်မြို့မှ အလှူရှင် သုဓမ္မ မဏိဇောတရေ ဦးဇေယျာသူရမွန်၊ ဇနီး ဒေါ်ခိုင်ခိုင်မြင့်(Gunkul Engineering Supply Co., Ltd.)မှ ဗဟိုကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်များ ပြုပြင်ဆောက်လုပ်ရန်အတွက် လှူဒါန်းသော အလှူငွေကျပ် သိန်း ၂၀အား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဒုတိယဝန်ကြီးသည် ဇွန် ၁ ရက်တွင် ပလက်ဝမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ အောက်သဲမဝကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဆရာတော် အရှင်နန္ဒမာလာအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ဒုတိယဝန်ကြီးသည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် စစ်တွေ တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင် လိုက်ပါလျက် စစ်တွေမြို့ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ပြည်နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၄ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များစုပေါင်း စိုက်ပျိုးကြစဉ်။

(မြန်မာ့အလင်း)

၂၀၀၆ခုနှစ် တရုတ်-ကူမင်း သွင်းကုန်ပို့ကုန်ကုန်စည်ပြပွဲ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၄

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၅ ရက်မှ ၈ရက်ထိကျင်းပမည့် "၂၀၀၆ ခုနှစ် တရုတ်-ကူမင်း အပြည်ပြည်ဆိုင်ရာ သွင်းကုန်ပို့ကုန် ကုန်စည်ပြပွဲ"သို့ တက်ရောက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ အထွေထွေမန်နေဂျာ ဦးတိုးအောင်မြင့်နှင့် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဟန်ဝင်းနိုင် တို့လည်း လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အာကာသစခန်းယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦး အာကာသအတွင်း လမ်းထွက်လျှောက်

မော်စကို ဇွန် ၄

နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)မှ အာကာသယာဉ်မှူးနှစ်ဦးသည် အာကာသအတွင်း ခြောက်နာရီခွဲကြာအောင် လမ်းလျှောက်မှု ပြီးစီးခဲ့ကြောင်း အဆိုပါ မစ်ရှင်ထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။

လမ်းလျှောက်

ရုရှားအာကာသယာဉ်မှူး ပါဗယ်ဗင်နိုဂရာဒေါ့ဗ်နှင့် အမေရိကန် အာကာသယာဉ်မှူး ဂျက်ဖ်ဝီလီယံတို့သည် ဇွန် ၂ရက်က အာကာသလမ်း လျှောက်မှုကို စီစဉ်ထားသည်ထက် တစ်နာရီ ပိုကြာခဲ့သည်ဟု ဆိုသည်။

အဆိုပါ အာကာသယာဉ်မှူး နှစ်ဦးသည် ဧပြီလဆန်းက အဆိုပါ အာကာသစခန်းသို့ ရောက်ရှိပြီးနောက် ပထမဆုံး လမ်းလျှောက်ထွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းတို့နှစ်ဦးသည် အယ်လီခရွန်အောက်စီဂျင် ဖြစ်ပေါ်သည့်ယူနစ်အပိုင်းနှင့် ကင်မရာတစ်ခုကို အစားထိုးလဲလှယ်ပေးခဲ့ကြောင်း သိပ္ပံဆိုင်ရာ စမ်းသပ်လေ့လာချက်များလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ရုရှားအာကာသယာဉ်မှူး ပါဗယ်ဗင်နိုဂရာဒေါ့ဗ်နှင့် အမေရိကန် အာကာသယာဉ်မှူး ဂျက်ဖ်ဝီလီယံတို့ ဇွန်၂ရက်က အာကာသအတွင်း လမ်းလျှောက်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ချိုင်းနားဒေလီ သတင်းစာ ၁၆မျက်နှာမှ ၂၄မျက်နှာ တိုးထုတ်မည်

ပေကျင်း ဇွန် ၄

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ချိုင်းနားဒေလီနေ့ရှင်နယ် သတင်းစာအား ၁၆မျက်နှာမှ ၂၄မျက်နှာတိုး၍ ထုတ်ဝေသွားမည်ဖြစ်ကြောင်း ယင်းသတင်းစာ၏ ၂၅နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် စာတည်းမှူးချုပ် ကျူလင်းက မေ၃၁ရက်၌ ပြောကြားသည်။

ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် နိုင်ငံခြားမှ စာဖတ်ပရိသတ်၏ ဝယ်လိုအား မြင့်တက်ရန်ဖြစ်ကြောင်း ကျူက ပြောကြားသည်။ ၎င်းသတင်းစာအား နိုင်ငံနှင့် ဒေသ ၁၅၀သို့ ဖြန့်ချိပေးခဲ့ကြောင်း၊ နေ့စဉ်ထုတ်စောင်ရေ နှစ်သိန်းကျော်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းစာမျက်နှာတိုးထုတ်ဝေခြင်းကို လာမည့်နှစ်တွင် ထုတ်ဝေမည်ဖြစ်ပြီး ထုတ်ဝေမည့်ရက် အတိအကျကို ကျူက ထုတ်ဖော်မပြောကြားပေ။

စုံစုံလင်လင်

တရုတ်နိုင်ငံ၏ နေ့စဉ်ထုတ်သတင်းစာများသည် သတင်းစာဖတ်ပရိသတ်များအတွက် သတင်းအချက်အလက် စုံစုံလင်လင်ဖော်ပြနိုင်ရန် ၎င်းတို့သတင်းစာနှင့် ဝဘ်ဆိုဒ်များကို ကောင်းစွာအသုံးချသွားမည်ဖြစ်ကြောင်း ကျူကပြောကြားသည်။

တံတားတစ်စင်း

ချိုင်းနားဒေလီသတင်းစာသည် တရုတ်နှင့်ကမ္ဘာကို ဆက်သွယ်ပေးသော တံတားတစ်စင်းဖြစ်ကြောင်း ပြန်ကြားရေးရုံးမှ အကြီးအကဲ ကိုဝူက ပြောကြားသည်။ ထို့အပြင် ဝန်ထမ်းများအား ကမ္ဘာ့ပြည်သူများ တရုတ်နိုင်ငံအကြောင်းနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန်အတွက် သတင်း အချက်အလက် ဖြန့်ဝေခြင်းလုပ်ငန်းများကို ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကိုလံဘတ်စ်အမည်ရှိ အာကာသအလုပ်ရုံ ဖလော်ရီဒါအာကာသဒုံးပျံလွှတ်တင်ရေးစခန်းရောက်ရှိ

ကိတ်ကာနေဗယ် ဇွန် ၄

ကိုလံဘတ်စ်အမည်ရှိ ဥရောပနိုင်ငံတကာ အာကာသယာဉ်စခန်း၏ လက်တွေ့ အလုပ်ရုံတစ်ခု အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ အာကာသဒုံးပျံ လွှတ်တင်ရေးစခန်းသို့ ဇွန် ၂ရက်က ရောက်ရှိလာမှုကို နာဆာက ကြိုဆိုလိုက်သည်။

အဆိုပါ ကိုလံဘတ်စ် လက်တွေ့ အလုပ်ရုံ အာကာသယာဉ်သည် အရှည် ၂၆ ပေရှိကာစလင်ဒါပုံစံဖြစ်သည်။ ၎င်းလက်တွေ့အလုပ်ရုံကို အမေရိကန် ဒေါ်လာ ဘီလီယံ ၁၀၀ကုန်ကျခံ တည်ဆောက်ထားသော အာကာသယာဉ်စခန်းသို့ တင်ပို့ပေးမည် ဖြစ်သည်။

ဆောင်ရွက်

ကိုလံဘီယာ အာကာသယာဉ် မတော်တစ်ဆဖြစ်ရပ် ဖြစ်ပွားပြီးနောက်ပိုင်း အာကာသယာဉ်များကို မြေပြင်စခန်း၌ လုံခြုံရေးအတွက် စနစ်တကျ အဆင့်မြင့်ဆောင်ရွက်ခဲ့သည်။

နာဆာအနေဖြင့် ပြီးခဲ့သည့်နှစ်က အာကာသယာဉ်တစ်စင်း လွှတ်တင်ရန် စီစဉ်ထားခဲ့သော်လည်း ပြဿနာအချို့ကြောင့် လွှတ်တင်မည့်အချိန် ရွှေ့ဆိုင်းခဲ့ရသည်။

လွှတ်တင်မည်

သို့သော် နာဆာအနေဖြင့် လာမည့်လတွင် နောက်ထပ် အာကာသယာဉ်တစ်စီး ထပ်မံလွှတ်တင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ အစီအစဉ်အားလုံး ချောမွေ့ပါက လာမည့်နှစ် ဩဂုတ်လတွင် အစောဆုံးထားပြီး အာကာသသို့ လွှတ်တင်မည်ဖြစ်သည်။

(အင်တာနက်)

ဘီလာရုစ်နိုင်ငံ မင့်ခ်မြို့တွင် ကျင်းပသည့် အလှမယ်ပြိုင်ပွဲ၌ ပထမရရှိသွားသော အလှမယ်တစ်ဦးကို ဇွန် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဆုတ်ကင်ဆာနှင့်ဆိုင်သော မျိုးဗီဇမှုများ ဗြိတိသျှသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

လန်ဒန် ဇွန် ၄

အဆုတ်ကင်ဆာနှင့် ဆက်စပ်နေသော မျိုးဗီဇမှုကွဲ ၆၄ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းတွေ့ရှိချက်ကို ဆွတ်တန်ရှိ ရစ်ချက်ဟူစတန်၏ ကင်ဆာသုတေသနဌာနမှ သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သိပ္ပံပညာရှင်များ၏ ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။ ယင်းဒီအင်န်အေဗီဇကွဲ ၆၄ခုကို အဆုတ်ကင်ဆာဖြစ်လာနိုင်သည့် ဗီဇမျိုးကွဲများအဖြစ် ၎င်းတို့က သတ်မှတ်ထားသည်။

အဆိုပါ သိပ္ပံပညာရှင်များသည် အဆုတ်ကင်ဆာဖြစ်ပွားသူ ၁၅၂၉ဦးနှင့် အဆုတ်ရောဂါမဖြစ်ပွားသူ ၂၇၀၇ ဦးမှ သွေးနမူနာများကို ဒီအင်န်အေ စစ်ဆေးကြည့်ရာမှ အဆုတ်ကင်ဆာနှင့် ဆက်နွှယ်နေသော မျိုးဗီဇကွဲ၆၄မျိုးကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ကမ္ဘာပေါ်တွင် အဆုတ်ကင်ဆာကြောင့်နှစ်စဉ်လူပေါင်း ၁ဒသမ၂သန်း သေဆုံးလျက်ရှိရာ အဆိုပါတွေ့ရှိချက်မှာ အဆုတ်ကင်ဆာဆိုင်ရာ အချက်များကို ဆက်လက်ရှာဖွေသွားနိုင်လိမ့်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိုပက်ဝန်ကြီးများအစည်းအဝေး ဗင်နီဇွဲလားနိုင်ငံ၌ ကျင်းပ

ကာရာကတ် ဇွန် ၄

ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)၏ (၁၄၁)ကြိမ်မြောက် ဝန်ကြီးများ အထူးအစည်းအဝေးကို ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်မြို့တွင် လက်ရှိရေနံဈေးကွက်အခြေအနေနှင့်ပတ်သက်၍ဆွေးနွေးရန် ဇွန်၁ရက်ကဖွင့်လှစ်လိုက်သည်။

ဗင်နီဇွဲလား စွမ်းအင်နှင့်ရေနံဝန်ကြီး ရာဖီးက အစည်းအဝေးကိုဖွင့်လှစ်ခဲ့ပြီးနောက် စကားပြောဆိုရာတွင် အိုပက်အဖွဲ့သည် ဘူမိ-နိုင်ငံရေး တင်းမာမှုများနှင့် ဈေးကွက်တွင် ဈေးကစားခြင်းအပါအဝင် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က ပြောကြားရာတွင် နိုင်ငံတကာ ဈေးကွက်အတွက် ရေနံအလုံအလောက်ရှိကြောင်း၊ တခြားအကြောင်းများကြောင့် ရေနံချက်လုပ်မှုလုပ်ငန်းများ နှောင့်နှေးနေခြင်းသည် ရေနံဈေးနှုန်းမြင့်စေရန်အတွက် တွန်းပို့နေသည်ဟု ၎င်းက ပြောကြားလိုက်သည်။ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀သည် သင့်တင့်သောဈေးဖြစ်ကြောင်း၊ အိုပက်အဖွဲ့သည် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ပြီး ကြမ်းခင်းဈေးကို သတ်မှတ်နိုင်သည်ဟု ချာဗက်ဇ်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ကင်ဆာဖောင်ဒေးရှင်း၏ နှစ်ပတ်လည်အခမ်းအနားတွင် ပါဝင်ဆင်နွှဲနေကြသူများကို ဇွန် ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံတွင် ကျောက်မီးသွေးတွင်းပေါက်ကွဲ

အန်ကာရာ ဇွန် ၄

တူရကီနိုင်ငံဘာလာကီဆာပြည်နယ် အနောက်ပိုင်း ဒူဆန်ဘီမြို့တွင် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးသူ ၁၇ဦးရှိခဲ့ကြောင်း တူရကီနိုင်ငံ စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ဝန်ကြီး ဟိုင်လ်မီဂူလာက ဇွန်၂ရက်က ပြောကြားလိုက်သည်။

အဆိုပါပေါက်ကွဲမှု ဖြစ်ပွားသည့် ကျောက်မီးသွေးတွင်းတွင် လူ၅၇ဦးရှိကြောင်း၊ ၃၅ဦးကို ကယ်ဆယ်လိုက်နိုင်ပြီး ငါးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၁၇ဦးမှာ ကံအကြောင်းမလှ၍ သေဆုံးသွားခဲ့ကြောင်း အစ္စတန်ဘူမြို့တောင်ဘက်၄၇၅ကီလိုမီတာအကွာရှိ ယင်းကျောက် မီးသွေးတွင်းတွင် ဂူလာက ပြောကြားသည်။

ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုအတွက် စုံစမ်းစစ်ဆေးမှုများကို အပြည့်အဝ လုပ်ဆောင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်အနောက်မြောက်ပိုင်း၌ မိုးသက်မုန်တိုင်းများ ကျရောက်

ပေကျင်း ဇွန် ၄

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှမ်စီပြည်နယ်တွင် ဇွန် ၃ရက်က မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့သဖြင့် လမ်းများပေါ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ (အပေါ်ပုံ)

ရှမ်စီပြည်နယ် စီအမ်မြို့ရှိ လမ်းများပေါ်တွင် ရေအမြင့် ၃၀ စင်တီမီတာအထိ ရောက်ရှိခဲ့သဖြင့် မော်တော်ယာဉ်များသည် လမ်းများပေါ်တွင် ပိတ်ဆို့သောင်တင်နေသဖြင့် ခရီးသည်များအတွက် သွားလာမှု အနှောင့်အယှက် ဖြစ်ခဲ့ရကြောင်း ဆင်ဟွာ သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်မြောက်ပိုင်း၌မိုးခေါင် — တောင်ပိုင်း၌ ရေကြီး၍ — ၅၉ဦးသေဆုံး

ပေကျင်း ဇွန် ၄

ယခုနှစ်တွင် တရုတ်နိုင်ငံမြောက် ပိုင်း၌ တရုတ်လူမျိုး သန်းပေါင်းများစွာ မိုးခေါင်မှုဒဏ်ခံနေရပြီး တောင်ပိုင်းဒေသများတွင် ရေကြီးမှုကြောင့်လူ ၅၉ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တရုတ်မြောက်ပိုင်း၌ မိုးခေါင်မှုကြောင့် လူပေါင်း ၉ဒသမ ၄၉ သန်းသောက်ရေ ပြတ်လပ်နေကြောင်း ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုသက်သာလျော့ပါးရေးဌာန အတွင်းရေးမှူးလည်းဖြစ် ရေအရင်းအမြစ် ဒုတိယဝန်ကြီးလည်းဖြစ်သူ အီဂျင်ပင်းက ပြောကြားသည်။

ခြိမ်းခြောက်ခံရ

ဧပြီလနှောင်းပိုင်းက မိုးအလွန်ခေါင်နေခဲ့ရာ လူ၁၄သန်းကျော် သောက်သုံးရေပြတ်လပ်မှုမှ ခြိမ်းခြောက်ခံခဲ့ရသည်။ မေလလယ်တွင် တရုတ်နိုင်ငံတစ်ဝန်း မိုးရွာသွန်းခဲ့သော်လည်း မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း၌ မိုးခေါင်နေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အဘူဂါရိတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကြောင့် အမေရိကန်တပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦးအားစစ်ဆေး

ဝါရှင်တန် ဇွန် ၄

အမေရိကန်စစ်တပ်မှ တပ်ကြပ်ကြီးတစ်ဦးသည် အီရတ်ရှိအဘူဂါရိတ် အကျဉ်းစခန်း၌ အကျဉ်းသားများအား စစ်ခွေးများနှင့် ခြိမ်းခြောက်ညှဉ်းပန်း နှိပ်စက်ခဲ့မှုကြောင့် ဇွန် ၂ ရက်က စစ်ဆေးနေကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ညှဉ်းပန်းနှိပ်စက်

မေရီလင်းပြည်နယ် ဖို့ဒ်မာဒီစစ်ခုံရုံးက အသက် ၃၂ နှစ်အရွယ်ရှိ ဆန်တို့စ်ကာဒိုနာအား ညှဉ်းပန်းနှိပ်စက်မှုနှင့် တာဝန်ဝတ္တရားပျက်ကွက်မှုနှစ်မှု အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိရာ ၎င်းအား ၁၁ဦးမြောက် စီရင်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။ ယင်းအီရတ်စစ်ပြန်သည် ထောင်သုံးနှစ်ခွဲကျခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ကာဒိုနာသည် အကျဉ်းသားတစ်ဦးအား ခွေးနှင့်ကိုက်သတ်ရန်ခြိမ်းခြောက်၍ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အခြားတပ်ဖွဲ့ဝင်များမှာလည်း ၂၀၀၃ ခုနှစ်အကုန် ၂၀၀၄ ခုနှစ်အစ အဘူဂါရိတ်၌ တာဝန်ထမ်းဆောင်စဉ် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိ၍ အပြစ်ပေးခံရပြီးဖြစ်သည်။

ကာဒိုနာ မတိုင်မီက အခြားအမေရိကန်တပ်ဖွဲ့ဝင် ၁၀ဦးသည် အဘူဂါရိတ် အကျဉ်းစခန်းမှ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇမ်ဘီယာ၌ ဇီဝအီသနော ထုတ်လုပ်မည်

လူဆာကာ ဇွန် ၄

ဇမ်ဘီယာ ကြံသည် နှစ်စဉ် ဇမ်ဘီယာနိုင်ငံ၏ ဓာတ်ဆီသုံးစွဲမှု ၁၅ရာခိုင်နှုန်းရှိမည့် အီသနောလီတာ သန်း ၂၀ထုတ်လုပ်ရန် အသင့်ရှိကြောင်း ဇမ်ဘီယာ နေ့စဉ်သတင်းစာတွင် ဇွန်၂ရက်၌ ဖော်ပြသည်။

ပိုမိုဖြစ်ထွန်း

အဆိုပါ ဇီဝအီသနောထုတ်လုပ်ခြင်းသည် ယင်းနိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာလိမ့်မည်ဖြစ်ကြောင်း စွမ်းအင်နှင့် ရေဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီး ဖီးလစ်မူတာတီက ပြောကြားသည်။

ကျဆင်း

ဇမ်ဘီယာနိုင်ငံတောင်ပိုင်း၌ ကြံများ တိုးချဲ့စိုက်ပျိုးကာ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သည်နှင့်အမျှ လောင်စာဆီဈေးနှုန်း ကျဆင်းသွားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြှုပ်နှံ

အီသနောသည် စွမ်းအင်အရင်းအမြစ်ကို ပြောင်းလဲစေနိုင်ကြောင်း၊ ဇမ်ဘီယာ ကြံတိုးတက်ထုတ်လုပ်ရေးအတွက် ကုမ္ပဏီအများအပြားက ယင်းကဏ္ဍတွင်ရင်းနှီးမြှုပ်နှံသင့်ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

အဆိုပါ အာဖရိကတောင်ပိုင်းနိုင်ငံသည် ဇီဝအီသနောနှင့် ဓာတ်ဆီ ထုတ်လုပ်နိုင်ရန်အတွက် မကြာမီ စွမ်းအင်မူဝါဒတစ်ရပ်ကို ထုတ်ပြန်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာ တစ် လွှား ထူး ထူး ခြား ခြား

ကမ္ဘာ့အရပ်အမြင့်ဆုံးနှင့် အပုဆုံးအမြွှာများ

ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံး အမြွှာညီအစ်ကိုနှင့် အပုဆုံးအမြွှာညီအစ်ကိုနှစ်ဦးကိုတွေ့ရစဉ်။ (အောက်ပုံ)

အမေရိကန်နိုင်ငံသား မိုက်ကယ်နှင့် ဂျိမ်းလန်နာအမြွှာညီအစ်ကိုနှစ်ဦးသည် အရပ် ၇ပေ ၆လက်မ အသီးသီးရှိကြရာ ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံးအမြွှာညီအစ်ကိုဖြစ်ပြီး အမေရိကန်နိုင်ငံသား ဂျွန်နှင့်ဂရစ်ရိုက် အမြွှာညီအစ်ကိုနှစ်ဦးမှာ အရပ်၃၄လက်မ အသီးသီးရှိကြရာ ၎င်းတို့နှစ်ဦးသည် ကမ္ဘာပေါ်၌ အရပ်အပုဆုံး အမြွှာညီအစ်ကိုနှစ်ဦးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အရပ်အပုဆုံးအမြွှာညီအစ်ကိုနှစ်ဦးအနက် တစ်ဦးဖြစ်သူဂျွန်မှာ အသက်(၅၃)နှစ်အရွယ် ၂၀၀၅ခုနှစ် နိုဝင်ဘာ၅ရက်က ခွဲစိတ်ကုသမှု တစ်ခုပြုလုပ်စဉ်အတွင်း နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့ပြီဖြစ်သည်။

(အင်တာနက်)

ဥရောပ၏အမြင့်ဆုံး အဆောက်အအုံ

ဥရောပတွင် အမြင့်ဆုံးအဆောက်အအုံတစ်ခု တည်ဆောက်နေသည်ကိုတွေ့ရစဉ်။ (အပေါ်ပုံ)

အဆိုပါအဆောက်အအုံကို ရုရှားနိုင်ငံ မော်စကိုမြို့၌ တည်ဆောက်လျက်ရှိပြီး အထပ်ပေါင်း ၆၂ထပ်ရှိမည်ဖြစ်သည်။ ယခုအခါ အထပ်ပေါင်း ၃၇ထပ်အထိ ဆောက်လုပ်ပြီးစီးလျက် ရှိနေပြီဖြစ်သည်။ ရုရှားနိုင်ငံတွင် တည်ဆောက်လျက်ရှိသော အဆောက်အအုံများအနက် အမြင့်ဆုံး အဆောက်အအုံ စီမံကိန်းတစ်ခုဖြစ်သည်။

(အင်တာနက်)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပွဲအပေါ် မြန်မာ့ရုပ်ရှင်သရုပ်ဆောင်တို့၏ စကားသံများ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၄

ကမ္ဘာတစ်ဝန်းရှိ ဘောလုံးပရိသတ်များ စောင့်မျှော်ခဲ့ကြရသော ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကျင်းပရန် ရက်နီးကပ်လာချေပြီ။ လေးနှစ်လုံးလုံး မျှော်လင့်စောင့်စားခဲ့ရသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ မိမိတို့ကြိုက်နှစ်သက်ရာအသင်းများ၊ အုပ်စုမှတက်မည့် အသင်း၊ ကွာတားဖိုင်နယ်တက်မည့် အသင်း၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲအထိ ရောက်ရှိနိုင်မည့်အသင်းများကို သုံးသပ်ဝေဖန်သည့်အသံများ တဖြည်းဖြည်းကျယ်လောင်လာလျက်ရှိသည်။

ကမ္ဘာ့အကြီးကျယ်ဆုံးအားကစားပြိုင်ပွဲဖြစ်

(ခန့်စည်သူ)

"ပွဲ တော် တော် များ များ ကြည့်မယ်၊ ဒီနှစ် ကမ္ဘာ့ဖလား ဂျာမနီအသင်းရနိုင်တယ်"

ခန့်စည်သူ။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ ရုပ်ရှင်သရုပ်ဆောင်များ၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ရင်ခုန်သံကို မြန်မာ့အလင်းပရိသတ်ကြီးသိရှိရန် တွေ့ဆုံ မေးမြန်းခဲ့သည်။

သေသေချာချာ

ပထမဦးစွာ ရုပ်ရှင်သရုပ်ဆောင် ရီဝေယံအား ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ပတ်သက်၍ မေးမြန်းရာ "လေးနှစ် လုံးလုံးစောင့်နေခဲ့တာဆိုတော့ သေသေ ချာချာကို ကြည့်မှာပါ။ အဓိကအသင်း ကြီးတွေကစားတဲ့ ပွဲတွေကြည့်မယ်။ နောက်ပြီး ကိုယ်ကြိုက်နှစ်သက်တဲ့ အသင်းသစ်တွေရဲ့ အခြေအနေကို သိချင်လို့ အဲဒီပွဲတွေလဲ ကြည့်မယ်။ ဘောလုံးပွဲတော်တော်များများ ကြည့်ဖြစ်မယ်"ဟု ပြောကြားသည်။

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ မည်သည့်အသင်း ဗိုလ်စွဲနိုင်မည်ကို မေးမြန်းရာ ရီဝေယံက "ဘာရာဇီးနဲ့ အင်္ဂလန် တစ်သင်းသင်း ရမယ်၊ ဘာရာဇီးက လက်ရှိချန်ပီယံလဲ ဖြစ်တယ်၊ အစဉ်အလာလဲ ရှိတယ်။ ဘောလုံးစွမ်းရည်ကတော့ ဘယ်အသင်းမှ မမီပါဘူး၊ ဒါကြောင့် ဘာရာဇီးရနိုင်တယ်။ အင်္ဂလန်အသင်း ရနိုင်တယ်ဆိုတာ အင်္ဂလန်အသင်းမှာ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း အားလုံးမှာ လူကောင်းတွေများတယ်။ ကစားပုံမြန်တယ်၊ တိုက်စစ်နဲ့ အလယ်တန်းမှာ ထူးချွန်တဲ့ ကစားသမားတွေ ပါတယ်။ ဒါကြောင့် အင်္ဂလန်အသင်း လဲ ဗိုလ်စွဲနိုင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

မေးမြန်းခဲ့

ထိုသို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အပေါ် ခံစားမှုအမျိုးမျိုး၊ သုံးသပ် ဝေဖန်မှုအဖုံဖုံ ရှိနေကြသည်ဖြစ်ရာ

ဘာရာဇီးအသင်း ထပ်ဆင့်ဗိုလ်စွဲနိုင်တယ်

(ဝေဠုကျော်)

ထို့နောက် ရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်သူ ဝေဠုကျော်နှင့် တွေ့ဆုံ ကာ မေးမြန်းဖြစ်သည်။ "ကမ္ဘာ့ဖလား ပွဲကတော့ ကြည့်ဖြစ်အောင် ကြည့်မှာ ပါ။ ပြိုင်ပွဲဝင်အသင်းတိုင်း ခြေစစ်ပွဲ အောင်အောင် အစွမ်းကုန်ကြိုးစားခဲ့ ကြရတာမို့ အားလုံးအသင်းတွေ ကတော့ သူ့ဟာနဲ့သူ ကောင်းကြပါ တယ်။ ပွဲတိုင်းတော့ မလွတ်တမ်း မကြည့်နိုင်ဘူးထင်တယ်၊ အချိန်က ကွာခြားမှုရှိနေတယ်"ဟု ပြောကြားပြီး ကမ္ဘာ့ဖလား၌ ဗိုလ်စွဲနိုင်မည့်အသင်း နှင့်ပတ်သက်၍ "အင်္ဂလန်ကို ကြိုက် တယ်၊ ဗိုလ်စွဲနိုင်မယ်လို့ ထင်တယ်၊ အင်္ဂလန်အသင်းက ကျွန်တော်တို့နဲ့ ပိုရင်းနှီးတယ်၊ ရစေချင်ပါတယ်။ အင်္ဂလန်အသင်း တိုက်စစ်ဖွင့်ကစားပုံ ကောင်းတယ်၊ တွန်းတွန်းတိုက်တိုက် လဲ ကစားနိုင်တယ်၊ မြန်တယ်၊ အင်္ဂလန်အသင်း အခြေအနေကောင်း နိုင်ပါတယ်၊ နောက်တစ်သင်းကတော့ ဘာရာဇီးအသင်းကို သဘောကျတယ်၊ ချန်ပီယံသရဖူကို ကာကွယ်နိုင်မယ့် ခြေစွမ်းတွေရှိနေတယ်၊ ဘာရာဇီးလဲ ဗိုလ်စွဲနိုင်ခြေရှိပါတယ်"ဟု ဝေဠုကျော် က ပြောကြားသွားသည်။

"အသင်းကြီးတွေ ကစားတဲ့ ပွဲတွေကို ဦးစားပေးကြည့်မယ်။ အင်္ဂလန်အသင်း ဗိုလ်စွဲနိုင်ပါတယ်"

ဝေဠုကျော်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တစ်ပွဲမျှ အလွတ်မခံဘဲ ပွဲတိုင်းကြည့်မယ်

(ထွန်းထွန်း)

"ကမ္ဘာ့ဖလား ပြိုင်ပွဲရက် တွေမှာ သီချင်းဆိုတာ၊ ရုပ်ရှင် ရိုက်တာတွေ နားထားမယ်၊ တစ်ပွဲမကျန် အကုန်ကြည့်မယ်"

ထွန်းထွန်း။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မပြတ်တမ်းကြည့်မယ်

တစ်ဖန် အဆိုတော်နှင့်ရုပ်ရှင်သရုပ် ဆောင်တွင်ပါ အောင်မြင်မှုများရရှိ နေသည့် ထွန်းထွန်းအား တွေ့ဆုံ မေးမြန်းဖြစ်သည်။ "ကျွန်တော်က ဘောလုံးကစားသမား တစ်ဦးပါ၊ အရင်က ဘောလုံးကို စွဲစွဲလမ်းလမ်း ကစားခဲ့သူလဲဖြစ်ပါတယ်။ ကမ္ဘာ့ ဖလားပွဲမှာ ပွဲတိုင်းကြည့်ဖြစ်မှာပါ၊ တစ်ပွဲမျှအလွတ်မခံအောင် ကြည့်မယ်။ အဲဒီရက်တွေမှာ သီချင်းဆိုတာ၊ ရုပ်ရှင် ရိုက်တာတွေ နားထားမယ်။ ကမ္ဘာ့ ဖလားပွဲကြီးအတွင်း ဘောလုံးပွဲတွေပဲ မပြတ်တမ်းကြည့်တော့မှာပါ၊ ဒီလို ကြည့်ရဖို့ လေးနှစ်လုံးလုံး စောင့်ခဲ့ ရတာဆိုတော့ ဒီအခွင့်အရေးကို လုံးဝ လက်လွတ်မခံပါဘူး"ဟု မြန်မာ့ အလင်းသို့ ဖြေကြားသည်။

ဟော်လန်၊ ဘာရာဇီး

ကမ္ဘာ့ဖလားပွဲ၌ မည်သည့်အသင်း ဗိုလ်စွဲနိုင်မည်နှင့်ပတ်သက်၍ ထွန်း ထွန်းက "ဟော်လန်နဲ့ ဘာရာဇီး တစ်သင်းသင်း ဗိုလ်စွဲမယ်လို့ ထင် တယ်၊ ဟော်လန်အသင်း ကစားပုံကို ကြိုက်တယ်၊ ဘယ်အသင်းနဲ့မှ မတူ ပါဘူး။ အသင်းလိုက်ကစားပုံ အရမ်း ကောင်းတယ်၊ ဟော်လန်ကစားသမား တွေက ကြံ့ခိုင်တယ်၊ နည်းစနစ် ကျွမ်းကျင်တယ်၊ မြန်တယ်၊ တိုက်စစ် မှာလဲ ပြောစရာမရှိပါဘူး။ ဟော်လန် ဗိုလ်မစွဲနိုင်ရင်တောင် အကြိုဗိုလ်လုပွဲ

"ကမ္ဘာ့ဖလား ဘာရာဇီးနဲ့ အင်္ဂလန် တစ်သင်းသင်းရမယ် ထင်တယ်" ရီဝေယံ။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အထိတော့ရောက်မှာပါ။ နောက် အသင်းကတော့ ဘာရာဇီးပါပဲ။ ဘာရာ ဇီးအသင်းရဲ့ ရော်နယ်ဒို၊ ရော်နယ် ဒင်ဟိုတို့ဟာ တကယ့်ပါရမီရှင်တွေ ပါ။ ကမ္ဘာ့အကောင်းဆုံး ဘောလုံး သမားတွေ စုစည်းထားတဲ့ ဘာရာဇီးကို ကျော်ပြီး ဗိုလ်စွဲနိုင်မယ့်အသင်းဟာ ခပ်ရှားရှားပါပဲ"ဟု သူ့အထင် သူ့ အမြင်ကို ပြောကြားသွားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဂျပန်၌ ပန်းချီရေးဆွဲနိုင်သည့် စက်ရုပ်တီထွင်

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုကျို တက္ကသိုလ် စက်မှုသိပ္ပံဌာနမှ ပန်းချီ များရေးဆွဲနိုင်သော စက်ရုပ်တစ်ရုပ် ကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ **(အောက်ပုံ)**

အရောင်ရွေးချယ်

အဆိုပါစက်ရုပ်သည် ပုံတူပန်းချီ ကားများ၊ ရုပ်ပုံများကို တူအောင် ရေးဆွဲနိုင်ပြီး ဆီဆေး၊ ရေဆေး နှစ်မျိုးစလုံးကို မျှတအောင် ပီပြင်စွာ ရေးဆွဲနိုင်သည်။ ပုံတူရုပ်ဝတ္ထုပစ္စည်း တွင် ပါရှိသော အရောင်များကို မိမိကိုယ်တိုင် ရွေးချယ်အသုံးပြုနိုင်ပြီး အရောင်ရွေးချယ်မှုမှာလည်း စနစ် တကျဖြစ်အောင် ပြုလုပ်ထားသည်။

စုတ်တံဖြင့်

စက်ရုပ်တွင် ရောင်စုံမင်ဘူးများ တပ်ဆင်ပေးထားခြင်းဖြစ်ပြီး မူရင်း



ရုပ်ပုံ သို့မဟုတ် အရာဝတ္ထု၏ အရောင်ကို စက်ရုပ်မှတ်ဉာဏ်ပြားက မှတ်သားလိုက်ပြီး အရောင်ဘူးများကို ရွေးချယ်ကာ စုတ်တံဖြင့် ပန်းချီ ရေးခြင်းဖြစ်သည်။

အချိန်မြန်

လူတို့ ထိန်းချုပ်စရာမလိုဘဲ အလိုအလျောက် စုတ်တံဖြင့် ပန်းချီ ပုံကောင်းများကို တိကျမှန်ကန်စွာ ရေးဆွဲနိုင်ခြင်းဖြစ်ပြီး ရေးဆွဲမှုအချိန် လည်း မြန်ဆန်ကြောင်းသိရသည်။

အထူးသဖြင့် ရေဆေးကို ပိုမို လှပအောင် အသုံးပြုရေးဆွဲနိုင်သည်။ ဆီဆေးရေးဆွဲရာတွင် ရေဆေးထက် ပန်းချီပုံတစ်ပုံကို အချိန်ပိုမိုကြာမြင့် ကြောင်း သိရသည်။

မကြာမီရောင်းမည်

တိုကျိုတက္ကသိုလ် စက်မှုသိပ္ပံမှ အဆိုပါပန်းချီရေးဆွဲသည့် စက်ရုပ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်ရာ မကြာမီ ထုတ်လုပ်ရောင်းချတော့မည် ဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက်
သတင်းနှင့်
ဓာတ်ပုံ

ကျောက်ဖြစ်ရုပ်ကြွင်းသစ်သီးများ ဂျော်ဒန်နိုင်ငံတောင်ကြားတစ်ခု၌ ရှာဖွေတွေ့ရှိ

ဂျော်ဒန်နိုင်ငံ တောင်ကြားတစ်ခုအတွင်း ရှေးဟောင်းသုတေသန လုပ်ကွက်တစ်ခု၌ ရှေးခေတ်နှစ်ပေါင်းများစွာက လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သီးနှံများစိုက်ပျိုးခဲ့သည့်အထောက်အထားအဖြစ် ကျောက်ဖြစ်ရုပ်ကြွင်း သစ်သီး များကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း သုတေသနပညာရှင်များက သတင်း ထုတ်ပြန်သည်။

အဆိုပါသီးနှံများ၊ သစ်သီးများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၁၂၀၀ နှင့် ၁၁၄၀၀ အကြားတွင် ဖြစ်တည်ခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်း သစ်သီး များဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ခန့်မှန်းသည်။

ယခုကဲ့သို့ တွေ့ရှိရခြင်းမှာ ရှေးဦးလူသားတို့ စားသုံးခဲ့သည့် သစ်သီး၊ သီးနှံများဖြစ်ကြောင်း ၎င်းတို့က ခန့်မှန်းသည်။

ရှေးခေတ်လူသားတို့အနေဖြင့် အမဲလိုက်ခြင်းနှင့် သီးနှံများစိုက်ပျိုးမှုကို တစ်စိတ်တစ်ပိုင်းပြုလုပ်ခဲ့ကြသည်ဟု ယူဆရကြောင်း၊ သို့မဟုတ် သီးနှံများ ကို ရှာဖွေစုဆောင်း စားသောက်ခဲ့ကြခြင်းဖြစ်သည်ဟု အမေရိကန်နှင့် အစ္စရေး သိပ္ပံပညာရှင်များက ပြောကြားသည်။

ယခုတွေ့ရှိရသည့် သစ်သီးများမှာ အရွယ်အစားသေးငယ်သော အသီး များဖြစ်ပြီး လုံးပတ် ၁၈ မီလီမီတာခန့်ရှိကာ စုစုပေါင်းအရေအတွက် ကိုးခု ရှိကြောင်း သိရသည်။ ၎င်းသစ်သီးများကို ဂျော်ဒန်နိုင်ငံ တောင်ကြား တစ်ခု၌ နီရိုလီသစ်ကျေးရွာအနီး တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

သုတေသနပညာရှင်များ အဆိုအရ ကမ္ဘာပေါ်တွင် ရှေးဦးလူသားတို့ စားသုံးခဲ့သည့် သစ်သီးများကို ရှာဖွေတွေ့ရှိမှုသည် ယခုအကြိမ်သည် ပထမဆုံးဖြစ်ပြီး ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် တွေ့ရှိရသည်ဟု ဆိုသည်။

(အပေါ်ပုံ) (ကိုးကား-အင်တာနက်)

စာမျက်နှာ ၆ မှ

ထို့နောက် ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူကလည်း "အသင်းကြီးတွေ ကစားတဲ့ပွဲတွေ ကြည့်မယ်၊ ကျန်တဲ့ပွဲ တွေလဲ ကြည့်ဖြစ်မှာပါ။ ကမ္ဘာ့ အကြီးကျယ်ဆုံး အားကစားပြိုင်ပွဲကြီး ဆိုတော့ စိတ်ဝင်စားစရာလဲ ကောင်း ပါတယ်။ အကြိုက်ဆုံးအသင်းတွေ ကတော့ အင်္ဂလန်၊ ဂျာမနီနဲ့ ဘရာဇီး အသင်းတွေပါ။ ဗိုလ်စွဲမယ့် အသင်း ကတော့ ဂျာမနီလို့ ထင်တယ်။ ဂျာမနီ အသင်းက တောင့်တင်းတယ်၊ တစ်ဦး ချင်းလဲ စွမ်းရည်ထက်မြက်တယ်၊ အထူးသဖြင့် နောက်တန်း ခံစစ် ကြောင်း အရမ်းလုံပါတယ်၊ အသင်း လိုက် ကစားပုံလဲ ကောင်းပါတယ်၊ ဒါကြောင့် ဂျာမနီတို့ ချန်ပီယံ ဖြစ်နိုင် ပါတယ်"ဟု သူ့ခံစားချက်နှင့် အမြင် ကို မြန်မာ့အလင်းသို့ ပြောကြား ခဲ့သည်။

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲ ကြီးနှင့် ပတ်သက်၍ မြန်မာ့ရုပ်ရှင် သရုပ်ဆောင်များ၏ အမြင်နှင့် ခံစား ချက်များပင် ဖြစ်ပါသည်။ ။

(မြန်မာ့အလင်း)

■ ***ကျောဖုံးမှ***

တာဝန်ရှိသူများက ဖြည့်စွက်တင်ပြ ကြပြီး ဝန်ကြီးက ပြည်သူများအမှန် တကယ်လိုအပ်သောအချိန်တွင် မီး မပြတ်ရရှိရေး၊ နိုင်ငံဝန်ထမ်းဖြစ်သည် နှင့်အညီ လုပ်ငန်းတာဝန်များကို ကြိုး ကြိုးစားစားဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေး သည်။

ဓာတ်အားခွဲရုံစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မရမ်း ကုန်းမြို့နယ် မရမ်းကုန်းဓာတ်အားခွဲ ရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများက ဓာတ်အားလက်ခံရရှိမှုနှင့် မြို့နယ် အသီးသီးသို့ ဖီဒါအလိုက် ဓာတ်အား ဖြန့်ဝေမှုစနစ်တို့ကို ရှင်းလင်းတင်ပြ ကြပြီး ဝန်ကြီးက လက်ခံရရှိသော ဓာတ်အားများကို ပျောက်ဆုံးမှုမရှိ စေရေးအတွက် စနစ်တကျမှတ်တမ်း ထားရှိဖြန့်ဖြူးရေးနှင့် ဓာတ်အားဖြန့် ဖြူးရာတွင် တွေ့ရှိရသည့် အခက်အခဲ များကို တာဝန်ရှိသူများထံတင်ပြပြီး အမြန်ဖြေရှင်းပေးရေးတို့ကို မှာကြား ကာ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေး သည်။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သည် ဇွန်၃ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့ လှိုင်သာယာ စက်မှုဇုန် အမှတ်(၁)ရှိ ကနောင်ခန်းမ သို့ ရောက်ရှိပြီး စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ ရန်ကုန်မြောက် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်းက ရန်ကုန်မြောက် ပိုင်းခရိုင်အတွင်း ပြည်သူများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲရရှိမှု အခြေ အနေနှင့် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်ဖြန့်ဖြူး မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိ သုံးစွဲမှုအခြေအနေများနှင့် ပတ်သက် ၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင် ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက ကျသော လျှပ်စစ်စွမ်းအားကို အချိန် ကာလသတ်မှတ်၍ ဖြန့်ဝေပေးလျက် ရှိကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အညီ နိုင်ငံတော် အနေဖြင့်လည်း ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက လုပ်ငန်းရှင် များအနေဖြင့် ထုတ်ပြန်ထားသော စည်းမျဉ်းဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်လုပ်ကိုင်သွားရေး၊ မသမာ သောနည်းဖြင့် လျှပ်စစ်မီးသုံးစွဲမှုများ ရှိလျှင် သတင်းပေးစေလိုရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ဆက်လက်၍ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်အောင်က လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့်ပတ်သက်၍ ပြည်သူလူထု ကို ယခုလက်ရှိအခြေအနေထက် ပိုမို တိုးမြှင့်သုံးစွဲနိုင်စေရန်အတွက် ဓာတ် အားလိုင်းသစ်များတိုး ချဲ့တည်ဆောက် မှုအခြေအနေများ၊ လက်ရှိလျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးနေသော အစီ အစဉ်များနှင့် စပ်လျဉ်း၍ လည်း ကောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက စက်မှုဇုန်များ လျှပ်စစ်မီးရရှိမှု၊ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေ အနေများနှင့် စပ်လျဉ်း၍ လည်း ကောင်း၊ အမှတ်(၂)လျှပ်စစ် စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးစောဝင်းက ဓာတ်အားခွဲရုံ များမှရရှိသော လျှပ်စစ်ဓာတ်အားကို ပြည်သူလူထုနှင့် စက်မှုဇုန်များသို့ အချိုးကျ ဖြန့်ဖြူးပေးနေမှု အခြေ အနေများနှင့် စပ်လျဉ်း၍ လည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်း ရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လှိုင်သာယာဓာတ်အားခွဲရုံအမှတ် (၁) သို့ရောက်ရှိရာ ရန်ကုန်မြောက်ပိုင်း ခရိုင် လျှပ်စစ်အင်ဂျင်နီယာဦးသက် တင်က ဓာတ်အားလက်ခံရရှိမှု၊ စက်မှု ဇုန်နှင့် မြို့နယ်များသို့ ဓာတ်အားဖြန့် ဝေပေးမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ဝန်ကြီးက ဓာတ်အားခွဲရုံ အတွင်း လိုက်လံကြည့်ရှုစစ်ဆေး၍ စက်မှုဇုန်များသို့ သတ်မှတ်ချိန်အတိုင်း ဓာတ်အားဖြန့်လွှတ်ပေးရန်မှာကြား သည်။

ယင်းနောက် ဝန်ကြီးသည် လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်း ရှိ မြန်မာ့လျှပ်စစ်အလင်းရောင် ကုမ္ပဏီ လီမိတက်၏ ကျောက်တိုင်ထုတ်လုပ် ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဥက္ကဋ္ဌ ဦးသန်းဝင်းက ကုမ္ပဏီ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ် သည်များကို ဆွေးနွေးမှာကြား၍ ကျောက်တိုင် ထုတ်လုပ်နေမှုလုပ်ငန်း ကို ကြည့်ရှုစစ်ဆေးသည်။

ဝိုင်းဝန်းဖော်ထုတ်

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှု ဇုန်ရှိ ကနောင်ခန်းမသို့ရောက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာ ယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်း စက်မှုဇုန်များ ၏ တည်နေရာ၊ ကုန်ထုတ်လုပ်ဖြန့်ဖြူး မှု လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်မှုဇုန်များ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရေးအတွက် တာဝန် ရှိသူများနှင့် နည်းမျိုးစုံဖြင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ် ကြောင်း၊ ရရှိလာသော လျှပ်စစ် ဓာတ်အားကို အကျိုးရှိရှိ အသုံးပြုပြီး ကုန်ထုတ်စွမ်းအား တိုးတက်ရေး ဆောင်ရွက်သွားစေလိုကြောင်း၊ လျှပ် စစ်ဓာတ်အား ချို့ယွင်းမှုများဖြစ်ပေါ် လာပါက မိမိတို့ ဝန်ကြီးဌာန၏ တာဝန်ရှိသူအဆင့်ဆင့်ထံသို့ အမြန် ဆုံး ဆက်သွယ်သတင်းပို့သွားကြစေ လိုကြောင်း၊ ဝန်ကြီးဌာန၏ဂုဏ်သိက္ခာ ကို ညှိုးနွမ်းပျက်စီးစေမည့် ဝန်ထမ်း အတုအယောင်များကိုလည်း လုပ်ငန်း ရှင်များနှင့် ပြည်သူလူထုက ဝိုင်းဝန်း ဖော်ထုတ်ရန် ကူညီပေးစေလိုကြောင်း ဖြင့် ပြောကြားသည်။ ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုး က ရန်ကုန်မြို့တော်အတွင်း ရရှိသော လျှပ်စစ်ဓာတ်အားနှင့် ပြန်လည် ဖြန့်ဖြူးပေးသော အခြေအနေများ၊ လျှပ်စစ်ဓာတ်အားကို ခြိုးခြံချွေတာ သုံးစွဲရန်နှင့် ၂၄နာရီ စဉ်ဆက်မပြတ် လျှပ်စစ်ပေးနိုင်ရန်အတွက် ကြိုးပမ်း ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ် အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်အောင်က မဟာဓာတ်အား လိုင်း တည်ဆောက်မှုအခြေအနေများ၊ မိတ္ထီလာမှ ပဲခူးအထိ ကေဗွီအေ ၅၀၀ ဓာတ်အားလိုင်းတည်ဆောက်မှု အခြေ အနေများ၊ လှိုင်သာယာ၊ မြောင်း တကာ ၂၃၀ကေဗွီအေခွဲရုံ တည် ဆောက်ပြီးစီးပါက လှိုင်သာယာစက်မှု ဇုန်များကို ၂၄နာရီ လျှပ်စစ်အဆက် မပြတ်ပေးနိုင်မည့် အစီအစဉ်တို့ကို လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းအေး က စက်ရုံများ လျှပ်စစ်ရရှိမှု အခြေ အနေများနှင့်စပ်လျဉ်း၍ ပြည်သူများ အမှန်တကယ်လိုအပ်သော လျှပ်စစ် ဓာတ်အားကို တစ်နေ့ထက်တစ်နေ့ ပိုမိုပေးနိုင်အောင် တာဝန်ရှိသူအဆင့် ဆင့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ယခုအခါ လှိုင်သာယာ၊ ဘုရင့်နောင်၊ သန်လျင်ဓာတ်အားခွဲရုံများကိုလည်း စီမံကိန်းများဖြင့် အသစ် တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်ယူ ရရှိမှုပမာဏနှင့် သုံးစွဲမှုပမာဏ ကွာဟမှုများပြားပါက ဓာတ်အားပြတ် တောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် မှန်မှန် ကန်ကန် ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် ကူညီဆောင်ရွက်ပေးရန်လိုမှု တို့ကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်းက လျှပ်စစ်ဓာတ်အားကို မျှမျှတတပေးမည့်အစီအစဉ်၊ လျှပ်စစ် ဓာတ်အားပြတ်တောက်မှု အနည်းဆုံး ဖြစ်အောင် တာဝန်ရှိသူများက ကြပ် မတ်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်မီး သုံး ပြည်သူများအနေဖြင့် မသမာမှု များပပျောက်အောင် ဝိုင်းဝန်းဆောင် ရွက်ရန်လိုမှု၊ ဓာတ်အားယူနစ်ပျောက် ဆုံးမှု အနည်းဆုံးဖြစ်အောင် တာဝန်ရှိ သူများက အလေးထားဆောင်ရွက် လျက်ရှိမှုတို့ကို လည်းကောင်း၊ ရွှေ လင်ပန်း စက်မှုဇုန်ဥက္ကဋ္ဌ ဦးသိန်းဇော် က စက်မှုဇုန်များတွင် လျှပ်စစ် ဓာတ်အားရရှိမှုနှင့် စပ်လျဉ်း၍လည်း ကောင်း၊ ရွှေပြည်သာမြို့နယ် စက်မှု ဇုန်အပိုင်း(၁) ဥက္ကဋ္ဌ ဦးခင်စိန်က ကျေးဇူးတင်ဝမ်းမြောက် စကားကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းရှင်အသီးသီး၏ တင်ပြချက်များ အပေါ် ညှိနှိုင်း ဖြည့်ဆည်းပေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ကျောင်းသုံးပစ္စည်းနှင့် ပညာရေးငွေပဒေသာပင်ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် ဇွန် ၂ ရက် နံနက်ဇနာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြန်မာညွန့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသော မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)၏ ကျောင်းသုံးပစ္စည်းနှင့် ပညာရေးငွေပဒေသာပင်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

သီလခံယူ

ရှေးဦးစွာ မြန်မာညွန့်ဘုန်းတော် ကြီးသင်ပညာရေးကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂ မဟာ ဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တသောဘဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဗဟို အလုပ်အမှု ဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ ဝင်များက ဆရာတော်အရှင်သူမြတ် များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှု ဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ ဝင်များက ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းအတွက် မတည်ငွေ ကျပ် တစ်သိန်းနှင့် ကျောင်းသုံးပစ္စည်းများ ကို ပေးအပ်လှူဒါန်းကြပြီး အတွင်း ရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံမိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင်များသည် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေး အပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ခံယူဆောက်တည်

အလားတူ အလှူငွေနှင့် ကျောင်း သုံးစာရေးကိရိယာ ပေးအပ်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ နယ် ကွမ်းခြံကုန်းကျေးရွာ မဟာသဒ္ဓမ္မ ဇောတိကာရုံ ရွှေကျင်ဘုန်းတော်ကြီး သင် ပညာရေးကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ဧည့်ပရိသတ်များက မဟာ သဒ္ဓမ္မဇောတိကာရုံ ရွှေကျင်ကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြ သည်။

လျှောက်ထား

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေ ဝေသာက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း ၍ ရှင်းလင်းလျှောက်ထားပြီး အလှူငွေ ကျပ်တစ်သိန်းနှင့် စာရေးကိရိယာ များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်း ရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းနှင့် တာဝန်ရှိသူများက ကျောင်းသုံးစာရေး ကိရိယာများကို ထောက်ပံ့ပေးအပ် သည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေး ညွန့်နှင့် အဖွဲ့ဝင်များသည် သန်လျင် မြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်း အနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီ အုန်းက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပြုလွှာ

ထို့နောက် ရန်ကုန်တောင်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်မြမူ က မြို့နယ်များမှ ရာသက်ပန်အသင်း ဝင် အဆိုပြုလွှာများကို ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှု ဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင် များက ဆေးရုံအတွက် အလှူငွေကျပ် တစ်သိန်းကို ခရိုင်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာမြင့်ဇော်ထံ ပေးအပ် သည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက် မြိုင်က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအတွက် ထောက်ပံ့ငွေ များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အားဆေးများဝေငှ

အခမ်းအနားအပြီးတွင် ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့် နှင့် အဖွဲ့ဝင်များသည် ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်ဆေးပြားများ နှင့် အားဆေးများ ဝေငှပေးအပ်ကြ သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှု ဆောင် ဒေါ်ထွေးထွေးညွန့်နှင့် ဗဟို အလုပ်အမှုဆောင်များ၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ ရန်ကုန် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာ မာဝေတို့သည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ နယ် သဲဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့သွားရောက် ၍ အလှူငွေနှင့် ကျောင်းသုံးစာရေး ကိရိယာများ ပေးအပ်ပွဲသို့ တက် ရောက်ကြရာ ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(ဗဟို)မှ လှူဒါန်းသည့် ငွေကျပ် သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင်များ ဖြစ်ကြသော ဒေါ်နီလာသော်နှင့် ဒေါ်ခင်သန်းဝင်း တို့က မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ လှူဒါန်းသည့် ဆေးပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများကို မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်ခင်ခင်ရီနှင့် ကျောင်းသား ကျောင်း သူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကျောင်းသုံးပစ္စည်းများကို ကျောင်း သားကျောင်းသူများထံ ပေးအပ်သည်။

ကျေးဇူးတင်စကား

ယင်းနောက် သဲဖြူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဒေါ်ထွေးထွေးညွန့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း(ဗဟို)က လှူဒါန်းသည့် ငွေကျပ်သုံးသိန်းကို မှော်ဘီမြို့နယ် သဲဖြူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရှန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော် အကြီးအကဲက ဒေသ၌ ဖြစ်ထွန်းအောင်မြင်နေသော စက်မှုလက်မှုလုပ်ငန်းများကို အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များ၏ လိုအပ်ချက်အဝဝကို ဖြည့်ဆည်းပေးရန် အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ စက်လှေ၏ ပုံစံများ ဆန်းသစ်နေစေရန် တတ်ကျွမ်းသော နည်းပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်မြို့မှ သစ်စက်နှင့် တွင်ခုံလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများအခြေအနေကို တစ်ဦးချင်း မေးမြန်းပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေး၊ မြိတ်မြို့တွင် လယ်ယာသုံးအသေးစား စက်ကိရိယာများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းနှင့် ကုန်တင်စက်လှေကြီးများ လွှန်းတင်ပြင်ဆင်နေမှုကိုလည်းကောင်း၊ အသစ်တည်ဆောက်နေမှုကို လည်းကောင်း၊ စက်လှေကိုယ်ထည် ကြံ့ခိုင်မှု၊ ချို့ယွင်းမှုရှိမရှိ ရှာဖွေပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်္ဘောတည်ဆောက်ရေးနည်းပညာရပ်များကို လေ့လာ၍ အဆင့်မြင့်စွာ တည်ဆောက်ရေး မှာကြားကာ စက်လှေသုံးအရောင်းပစ္စည်း အရောင်းဆိုင်ကို ကြည့်ရှုအားပေးသည်။

အဆိုပါ King Star Enterprise ၏ မြေပေါ်လွှန်းကျင်းသည် ငါးဧကကျယ်ဝန်းပြီး ဝန်ထမ်းအင်အား ၃၀၀ခန့်ရှိသည်။ တန် ၂၀၀ ခန့်ရှိ စက်လှေ ၁၈စီးကို တစ်ပြိုင်တည်း လွှန်းတင်ပြင်ဆင်နိုင်ကြောင်း သိရသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကျွဲကူး–ကျောက်ဖျာတံတားအနီးရှိ မြိတ်မြို့သစ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က မြိတ်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးကြည်သန်းက မြိတ်မြို့သစ် မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးလှစိုးက လမ်းတံတားနှင့် အဆောက်အအုံများ တည်ဆောက်နေမှု အခြေအနေကို လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တိုင်းဆိပ်ကမ်းအင်ဂျင်နီယာ ဦးလှထွန်းအောင်က မြို့သစ်အတွင်း ရေကြောင်းထိန်းသိမ်းရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက မြို့သစ်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကောင်းစံဦးက မြို့သစ်ပြောင်းရွှေ့ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်း ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးသန်းစိုးက ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ထို့နောက် တိုင်းမှူးက မြိတ်မြို့သစ် အမြန်ဆုံးဖြစ်ပေါ်လာရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြုံငုံသုံးသပ်ဆွေးနွေးပြီး အမှာစကားပြောကြားရာ၌ မြိတ်မြို့၏ နောင်တိုးပွားလာမည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်လာမည့် စက်မှုလုပ်ငန်းများအတွက် မြိတ်မြို့သစ်ကို တည်ဆောက်ရခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ယခုထက် တိုးတက်မြန်ဆန်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် လိုကြောင်း။

မြို့သစ်တွင် စက်မှုဇုန်ပါတည်ဆောက်နေသည်ဖြစ်၍ မြို့ပေါ်ရှိ စက်ရုံများ အမြန်ဆုံးပြောင်းရွှေ့နိုင်ရန် စီစဉ်ဆောင်ရွက်ကြရန်နှင့် မြို့သစ်၌ လိုအပ်သည့် လမ်း၊ တံတားများ တည်ဆောက်ရေး၊ သောက်သုံးရေရရှိရေးနှင့် ဆိပ်ကမ်းသာယာလှပရေးတို့ကို အချိန်မီပြီးစီးရန် ဖိဖိစီးစီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာပါက လူ့စွမ်းအားအရင်းအမြစ်များကိုလည်း အကျိုးရှိရှိ အသုံးပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်ရှိ အစိုးရနည်းပညာကောလိပ်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး Civil Tech Co.,Ltd.မှ တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းထွန်းက သုံးထပ် ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်ရန် ကျန်ရှိမှုအပိုင်းတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မြိတ်မြို့အစိုးရနည်းပညာကောလိပ်

အဆိုပါ မြိတ်မြို့ အစိုးရနည်းပညာကောလိပ်သည် မြိတ်–ထားဝယ်ကားလမ်းရှိ ကဘင်းကျေးရွာအနီး၌ တည်ရှိပြီး ကျောင်းသား ကျောင်းသူ ၃၀၀၀အား လက်ခံသင်ကြားပေးနိုင်မည်ဖြစ်သည်။

သုံးထပ်ပင်မဆောင်မှာ အလျား ၅၁၃ပေ၊ ဘေးတိုက်အလျား ၃၅၇ပေရှိမည်ဖြစ်ပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၃၉ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကူညီဆောင်ရွက်

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်မြို့ရှိ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရှန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရေး မှာကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **“အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့”**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“ပြည့်စုံလှပ မြန်မာအမျိုးသမီး ဘဝ”**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပေးပို့ရမည်

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ x ၁၄) လက်မတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် စာတည်းမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ဇွန် ၃ ရက်က မြို့နယ်အသင်းရုံးတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာဒေါ်စန္ဒာက အမှာစကားပြောကြားစဉ်။ (၂၀၀)

● **ကျောဖုံးမှ**

အခမ်းအနားမစတင်မီ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက ဓမ္မပူဇာတေးများဖြင့် သီကျူးပူဇော်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ယုဇနဗိမာန်တော်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါဗိမာန်တော် ရှေ့၌ကျင်းပရာ မင်္ဂလာအချိန်ကျရောက်သည်နှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အလှူရှင် ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့်နှင့်ယုဇနကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းမြင့်တို့က ယုဇန ဗိမာန်တော်အဝင် မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပရိသတ် တို့က သာဓုအနုမောဒနာသုံးကြိမ်ရွတ်ဆိုကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ယုဇနဗိမာန်တော်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အလှူရှင် ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ယုဇနဗိမာန်တော်ဖွင့်ပွဲ အမှတ်တရအဖြစ် ကျောင်း၏ မြောက်အရပ်၌ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ယုဇနဗိမာန်တော် ရေစက်ချမင်္ဂလာ အခမ်းအနားကို အဆိုပါ ဗိမာန်တော်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အဆိုတော် ဒေါ်ရီရီသန့်က ထူးခြားနား သီချင်းခန့်ဖြင့် သီကျူးပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် တော်မူကြသည်။

လျှောက်ထားတင်ပြ

ဆက်လက်၍ အလှူရှင် ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့်က ယုဇနဗိမာန်တော် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဧည့်သည်များနှင့် အလှူရှင် မိသားစုများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နတ်မောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်ဇနီးတို့က ငွေကျပ်သိန်း ၃၀၊ ကံလင်းသူကုမ္ပဏီမှ ဦးစိုးမြင့်အောင်-ဒေါ်သီတာလွင်၊ သမီး မြတ်နိုးမြင့်အောင်(ခ)သီရိပြည့်စုံတို့က ငွေကျပ် ၁၀သိန်း၊ စိန်ပန်းမြိုင် စားသောက်ဆိုင်မှ ဦးစန်းမောင်-ဒေါ်ရီရီမြင့် တို့က ငွေကျပ် ငါးသိန်းနှင့် အဆင့်မြင့် မင်္ဂလာဈေးရှိ ကင်း နှစ်ကောင်အထည်ဆိုင်မှ ဦးမောင်မောင်အေး-ဒေါ်တင်ဝင်းတို့ကငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့က နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပညာသင်ယူလျက်ရှိကြသော ရှင်သာမဏေများ၊ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်လှူဒါန်းသည်။

ကျောင်းဝတ်စုံများလှူဒါန်း

ဆက်လက်၍ အလှူရှင် ယုဇနကုမ္ပဏီဥက္ကဋ္ဌက ဆရာမများအတွက် ကျောင်းဝတ်စုံများကိုပေးအပ်လှူဒါန်းရာ ဆရာမတစ်ဦးက လက်ခံသည်။

ယင်းနောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက သာဓုအနုမောဒနာ တရားဟောကြား ချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလှူရှင် ယုဇနကုမ္ပဏီ မိသားစုက နတ်မောက်ကျောင်းအတွက် ယနေ့လှူဒါန်းသော အလှူငွေ စုစုပေါင်းမှာ ဘုရားနှင့် ပလ္လင်တံကဲ၊ တရား ဟောပလ္လင်၊ ဆွမ်းပဒေသာပင်၊ သင်္ကန်းဒွိစုံ၊ ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် ဆရာမဝတ်စုံ အပါအဝင် ငွေကျပ် ၈၅၃၈၀၀၀ ဖြစ်ပြီး အဆိုပါ နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၌ ရှင်သာမဏေ ၁၂၇ပါး အပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၂ဦးတို့ ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် သာကေတမြို့နယ်(၃) မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရှုခင်းသာ အခွန်လွတ်ဈေး ဆောက်လုပ်သည့်နေရာသို့ ရောက်ရှိပြီး ဆိုင်ခန်းတည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန် အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆိုင်ခန်းများကို အမြန်ပြီးစီးရန်၊ အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန်၊ ထိုသို့ ရောင်းချရာတွင်လည်း ဈေးနှုန်းနှင့် အလေးချိန်ခွင်များ မှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်၊ စားသုံးသူပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူအားပေးနိုင်ရေးနှင့် ဈေးဝန်းကျင်သန့်ရှင်းမှု ရှိစေရေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ရှုခင်းသာ အခွန်လွတ်ဈေးကို ဇွန် ၁၀ရက်တွင် ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်လျက်ရှိပြီး သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့မှ ပြည်သူများလွယ်ကူစွာ ဝယ်ယူနိုင်ကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေထံ နတ်မောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆွမ်းပဒေသာပင် အတွက် အလှူရှင် ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်ဇနီးတို့က ငွေကျပ်သိန်း၃၀ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေသို့ ဆေးဝါးနှင့်ပညာရေး ရန်ပုံငွေ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေရှိ သံဃာတော်များ၊ သာမဏေများ၊ သီလရှင်များ၊ ယောဂီများနှင့် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပထမတန်းမှ ဒသမတန်းအထိ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ကျောင်းသူများအတွက် ဆေးပေးခန်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲကို ဇွန် ၆ ရက်တွင် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာန နာယကချုပ် ဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူး ဖွင့်လှစ်မည်ဖြစ်ရာ ဆေးဝါး လှူဒါန်းလိုသူများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာရေးရန်ပုံငွေ လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေ ဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၅၅-၂၀၂၅၉ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ယူလျက်ရှိကြသော ရှင်သာမဏေများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေး ကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သည့်အဖွဲ့ ဗီယက်နမ်နိုင်ငံချစ်ကြည်ရေးခရီးမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၄

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအသင်း ဗူဖို (VUFO) ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သည့် အဖွဲ့ဝင် လေးဦးပါ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်း ခရီးဖြင့် နေပြည်တော်သို့ ပြန်လည် ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးမောင်မောင်သိမ်းနှင့် ဦးသိန်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာအောင်ကြီး၊ ဦးကျော်ရီ၊ ဒေါက်တာလှစိန်နှင့် ဦးညွန့်ဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၅-၆-၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅	၈။	ကပ်တဲလ်ကြိုးတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သချာၤအထူးပြု) [သချာၤ]
၁၇:၁၅	၆။	အကပဒေသာ
၁၇:၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀	၉။	အဆိုပြိုင်ပွဲ
၁၇:၄၅	၁၀။	**"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၅၀	၁၁။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၂။	ညနေခင်းသတင်း
၁၈:၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၄။	အကပြိုင်ပွဲ
၁၈:၄၅	၁၅။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈:၅၅	၁၆။	အတီးပြိုင်ပွဲ
၁၉:၀၅	၁၇။	သယံဇာတဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၁၉:၂၀	၁၈။	တေးဂီတအစီအစဉ်
၁၉:၃၅	၁၉။	မြန်မာမှုပန်းဆယ်မျိုး (ပန်းပု)
၁၉:၄၅	၂၀။	ဖွံ့ဖြိုးတိုးတက် သီးပွင့်ဝေဆာ ကတိုးကော့နက်ကျေးရွာ
၂၀:၀၀	၂၁။	ပြည်တွင်းသတင်း
	၂၂။	နိုင်ငံတကာသတင်းများ
	၂၃။	မိုးလေဝသအခြေအနေ
	၂၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း-၁၉)
	၂၅။	နောက်တစ်နေ့အစီအစဉ်
	၂၆။	အစီအစဉ်ပြီး၏။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားပွဲသတင်းအပါအဝင် ဖလားဝါးနယူးစ်ဖြန့်ချိ

ရန်ကုန် ဇွန် ၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ဂျပန်နိုင်ငံ ဂဟေစက်ရုံအတွက် မြန်မာအလုပ်သမားများခေါ်ယူ၊ ကျိုက္ခမီရေလယ်ဘုရားဝန်းကျင်တွင် ဒီရေဖြင့်ရေအားလျှပ်စစ်ထုတ်လုပ်ရန်ရှိ၊ ပရိဂျူဆာခာတ်ငွေ့စက်များ အရှေ့တောင်အာရှဈေးကွက်သို့ တင်ပို့မည်စသည့် ပြည်တွင်းသတင်းများအပြင် ကမ္ဘာ့ဖလားပွဲစဉ်ဇယား၊ ကမ္ဘာ့ဖလားသမိုင်းမှ ထူးထူးခြားခြားများ၊ ကမ္ဘာ့ဖလားဆိုင်ရာ သတင်းထူးများနှင့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များမှ ပရိသတ် အကြိုက်တွေ့မည့် ပွဲကြီး ပွဲကောင်းသုံးသပ်ချက်များ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အလုပ်နောက်ကျသူများ၏ ဆင်ခြေကြီးဆယ်မျိုး၊ တရုတ်နိုင်ငံ၌ အိပ်ပျော်သွားသောကြောင်မလေး ဗြိတိန်၌ နိုးလာစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အားကစား၊ ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

စိုက်ပါ၊ ပျိုးပါ၊ ချွေတာပါ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြေသယံဇာတနှင့် ရေသယံဇာတတို့ ပေါကြွယ်လှသည်ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်ကြောင်း ကမ္ဘာ့နိုင်ငံအများစုက လက်ခံထားကြပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် သီးနှံများတိုးချဲ့စိုက်ပျိုး ခြင်းသာမက သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်များကိုပါ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ကမ္ဘာ့စက်မှုနိုင်ငံအများစုသည် လူဦးရေတစ်နေ့တခြား တိုးတက်လာလျက်ရှိရာ စားသုံးမှုလည်းများပြားလာသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်များများ စိုက်ပျိုးရန် လိုအပ်လာမည်ဖြစ်သည်။

သို့ဖြစ်၍ အာရှတိုက်ရှိ ထိုင်း၊ တရုတ်နှင့် အင်ဒိုနီးရှားစသည့် နိုင်ငံများ၊ ဥရောပတိုက်ရှိ အင်္ဂလန်၊ နယ်သာလန်စသည့် နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသရှိ အစ္စရေးစသော နိုင်ငံတို့တွင် ဟင်းသီးဟင်းရွက် အမြောက်အမြား စိုက်ပျိုးပြီး ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် စီးပွားဖြစ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း ဟင်းသီးဟင်းရွက်ကို အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ သို့သော် တိုးတက်လာသည့် မြန်မာ့လူဦးရေနှင့် နှိုင်းစာလျှင် စိုက်ပျိုးမှုနည်းနေသေးကြောင်း တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်၏ အားပေးမှုကြောင့် သီးနှံနှင့် သစ်သီးဝလံစိုက်ရေးလုပ်ငန်းသည် တစ်ဟုန်ထိုးတိုးတက်လာသည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းမှာ ပေါများသည့် မြေသယံဇာတအပေါ်မူတည်၍ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားနိုင်သည်။

အောက်ဖော်ပြပါ ဟင်းသီးဟင်းရွက်အုပ်စုသုံးအုပ်စုမှ မိမိဒေသနှင့် သင့်လျော်သောမျိုးများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ကြသည်။

ဟင်းသီးဟင်းရွက်ရိုးရိုးအုပ်စု

ခရမ်းချဉ်၊ ငရုတ်၊ ခရမ်း၊ ဒန့်သလွန်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥဖြူ၊ မုန်လာဥနီ၊ ကြောင်လျှာ၊ ဆလတ်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်၊ ကိုက်လန်၊ မြင်းခွာရွက်၊ အာလူး၊ မုန်ညင်းထုပ်၊ မုန်ညင်းရွက်၊ နိုကိုဥ၊ ကန်စွန်းဥ၊ ကညွတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဟင်းနုနယ်၊ ဆူးပန်း။

စင်တင်သီးနှံအုပ်စု

သခွား၊ ဘူး၊ ပဲလင်းမြွေ၊ ကြက်ဟင်းခါး၊ ကျောက်ဖရုံ၊ ရွှေဖရုံ၊ ပဲတောင့်ရှည်၊ ပဲစောင်းလျား၊ ခဝဲ၊ ဗိုလ်စားပဲ။

အပင် (Bush-Type)အုပ်စု

ဆူးပုပ်၊ ကင်ပွန်းချဉ်၊ ဒန့်သလွန်၊ ခွေးတောက် (ဝွေးတောက်)၊ ဟင်းစားပြောင်း၊ မန်ကျည်း၊ ကြောင်လျှာ၊ ပေါက်ပန်းဖြူ၊ ရုံးပတီ။

ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် စိုက်ပျိုးမှုစနစ်သည် လူနေမှုစနစ် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကွာခြားလာသည်ကို တွေ့ရှိရပေသည်။ ဟင်းသီးဟင်းရွက်များကို မိမိအိမ်ခြံဝင်းအတွင်း ရနိုင်သရွေ့ မြေကွက်လပ်၌ စိုက်ပျိုးခြင်း၊ ပန်းအိုးဖြင့် စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးခြင်း၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း၊ ပြည်တွင်းပြည်ပပို့ကုန်အဖြစ် စိုက်ပျိုးခြင်း၊ စည်သွပ်လုပ်ငန်းအတွက် စိုက်ပျိုးခြင်း၊ အချိန်အခါမဟုတ်သည့်အချိန် စိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးခြင်းတို့ရှိရာ မြန်မာနိုင်ငံအနေဖြင့် ဟင်းသီးဟင်းရွက်ကို မိမိအိမ်ခြံအတွင်းရှိ မြေကွက်လပ်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းဖြင့် မိမိအိမ်ခြံအတွင်းရှိ မြေကွက်ကို အလဟဿမဖြစ်စေသည့်အပြင် မိသားစုငွေကို ချွေတာရာရောက်မည် ဖြစ်သည်။ ပြည်တွင်း ပြည်ပပို့ကုန်အဖြစ် ပြည်တွင်း ဟိုတယ်များနှင့် ပြည်ပဈေးကွက်ရှိပြီးဖြစ်ရာ ပြည်ပမှ မျိုးကောင်းမျိုးသန့် ဟင်းသီးဟင်းရွက်မျိုးစေ့များမှာယူ စိုက်ပျိုးထုတ်လုပ်ရန်သာရှိသည်။

ဟင်းသီးဟင်းရွက် အမျိုးအစားမှာ အကြမ်းဖျင်းအားဖြင့် အမျိုးပေါင်း ၅၀ ကျော်ရှိသည်။ အမျိုးတူ သို့မဟုတ် စိုက်ပျိုးမှုစနစ်နီးစပ်ရာအလိုက် အစုဖွဲ့၍ခွဲခြားကြည့်ပါက လေးမျိုးတွေ့ရမည်ဖြစ်သည်။

မောင်ဝ (စိုက်ပျိုးရေး)

ရုက္ခဗေဒနည်းအရ ခွဲခြားခြင်း၊ အပူအအေးခံနိုင်မှုအရ ခွဲခြားခြင်း၊ အပင်၏ အစိတ်အပိုင်း စားသုံးမှုအလိုက်ခွဲခြားခြင်း၊ စိုက်ပျိုးပုံနည်းစနစ်အရ ခွဲခြားခြင်းတို့ ဖြစ်သည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် အဓိကအရေးကြီးဆုံးမှာ မြေအမျိုးအစားဖြစ်သည်။ မြေကောင်း မြေညံ့ပေါ်မူတည်၍ ဟင်းသီးဟင်းရွက်၏ အရည်အချင်း၊ အထွက်နှုန်းကို ကွာခြားစေသည်။ မြေကောင်းလျှင် ဟင်းသီးဟင်းရွက်အမျိုးအစားတိုင်း ဖြစ်ထွန်းနိုင်ပြီး မြေညံ့လျှင် ဖြစ်ထွန်းနိုင်မည့် သီးနှံကိုသာ ရွေးချယ်စိုက်ပျိုးခြင်း၊ သို့မဟုတ် မြေကိုပြုပြင်၍ စိုက်ပျိုးခြင်းတို့ ဆောင်ရွက်ရမည် ဖြစ်သည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် နောက်အရေးအကြီးဆုံးမှာ မိမိစိုက်ပျိုးလိုသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိရေးပင် ဖြစ်သည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူသည် မိမိရလာသောမျိုးစေ့ကို မစိုက်ပျိုးမီ အပင်ပေါက်နှုန်း စမ်းသပ်ရန် လိုသည်။ အပင်ပေါက်နှုန်းစမ်းသပ်ရန် အလွယ်ဆုံးနည်းမှာ လက်ဖက်ရည်အောက်ခံပန်းကန်ပြားတွင် သန့်ရှင်းစင်ကြယ်သည့် မင်စုပ်စက္ကူ၊ သို့မဟုတ် ရေစုပ်အားကောင်းသည့် အဝတ်အဖြူစကို ရေစိုအောင်ပြုလုပ်ပြီးခင်းပါ၊ ၎င်းအပေါ်သို့ မိမိစမ်းသပ်လိုသောမျိုးစေ့ ၁၀၀ ကို တစ်စေ့နှင့်တစ်စေ့ မထိစေဘဲ ညီညာစွာထားပါ။ ထို့နောက် အရွယ်တူသည့်ပန်းကန်ပြားတစ်ချပ်ဖြင့်ဖုံးအုပ်ထားပါ။ မျိုးစေ့အောက်တွင် ခံထားသည့် မင်စုပ်စက္ကူ၊ သို့မဟုတ် အဝတ်ဖြူစ ခြောက်မသွားစေရန် ရေကို မှန်မှန်ထည့်ပေးပါ။ မျိုးစေ့အလိုက် နှစ်ရက်မှခုနစ်ရက်အတွင်း အပင်ပေါက်လာမည်ဖြစ်သည်။ ပေါက်လာသော အပင်အရေအတွက်သည် မျိုးစေ့အပင်ပေါက်ရာနှုန်းပင်ဖြစ်သည်။ အနည်းဆုံးရှိသင့်သည့် အပင်ပေါက်ရာနှုန်းမှာ၇၅ရာခိုင်နှုန်းဖြစ်သည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် နောက်အရေးကြီးသည့် အချက်တစ်ချက်မှာ မြေအစိုဓာတ်မပြတ်ရေးပင် ဖြစ်သည်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးချိန်တစ်လျှောက် လိုအပ်သောအစိုဓာတ် ရှိ၊မရှိ အမြဲတစေကြည့်ရှု စစ်ဆေးရမည်ဖြစ်သည်။ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးသော ဟင်းသီး ဟင်းရွက်များအတွက်မှာမူ ရေလိုအပ်သောရာသီတွင် နေ့စဉ်ရေမှန်မှန် လောင်းပေးနိုင်သော်လည်း စီးပွားဖြစ်စိုက်ပျိုးသော ဟင်းသီးဟင်းရွက် စိုက်ခင်းများအတွက် နည်းလမ်းလေးမျိုးဖြင့် ရေပေးသွင်းနိုင်သည်။ မြေပေါ်ရေသွင်းနည်းဖြင့် ပေးသွင်းခြင်း၊ မြေအောက်ရေသွင်းနည်းဖြင့် ပေးသွင်းခြင်း၊ ရေဖျန်းစနစ်ဖြင့်ပေးသွင်းခြင်း၊ အစက်ချစနစ်ဖြင့် ပေးသွင်းခြင်းတို့ ဖြစ်သည်။

အပင်ပြုစုရာတွင် ဟင်းသီးဟင်းရွက်အပင်များကို ၁၅ ရက်လျှင် တစ်ကြိမ် ပေါင်းလိုက်၊ မြေဆွ၊ မြေဩဇာကြွေး၊ ရေလောင်းပေးရန် လိုအပ်သည်။ ပိုးမွှားရောဂါကျရောက်ပါက အပင်ငယ်စဉ်တွင် ပိုးသတ်ဆေးဖြင့် ပက်ဖျန်းကာကွယ်နိုင်သည်။ ရင့်မှည့်၍ ဆွတ်ခူးရန်နီးကပ်နေပါက ဓာတုဗေဒပိုးသတ်ဆေးမသုံးဘဲ တမာပိုးသတ်ဆေးနှင့် ဆေးရွက်ကြီးကဲ့သို့သော ပိုးသတ်ဆေးများဖြင့်သာ ပက်ဖျန်းကာကွယ်နှိမ်နင်းရန် လိုအပ်သည်။ ဓာတုဗေဒပိုးသတ်ဆေးများကို အသုံးပြုပါက စားသုံးသူတွင် အန္တရာယ်ဖြစ်စေပါသဖြင့် ပက်ဖျန်းရန် မသင့်ပါ။

ဟင်းသီးဟင်းရွက် စိုက်ပျိုးရာတွင် ဟင်းသီးဟင်းရွက် အမျိုးအစားနှင့်စိုက်ပျိုးသူ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်မူတည်၍ အကျိုးကျေးဇူးခံစားရမည်ဖြစ်ပါသည်။ အနည်းဆုံး ဟင်းသီးဟင်းရွက်ကို လတ်လတ်ဆတ်ဆတ် စားသုံးရခြင်း၊ ဝယ်ယူစားသုံးရခြင်းမှ သက်သာပြီး အကုန်အကျ သက်သာခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ မိသားစုသုံးငွေ ချွေတာစေခြင်းစသည့် အကျိုးကျေးဇူးများရရှိမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သင့်ပတ်ဝန်းကျင် မြေပိုလျှင် သင့်မိသားစု အသုံးစရိတ်ငွေချွေတာရာရောက်သည့် ဟင်းသီးဟင်းရွက်ကို စိုက်ပျိုးသွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဟင်းသီးဟင်းရွက် စိုက်ပျိုးရာတွင် ဟင်းသီးဟင်းရွက်အမျိုးအစားနှင့် စိုက်ပျိုးသူ၏ ကြိုးပမ်းဆောင်ရွက်မှု အပေါ် မူတည်၍ အကျိုးကျေးဇူးခံစားရ၊ အနည်းဆုံး ဟင်းသီးဟင်းရွက်ကို လတ်လတ်ဆတ်ဆတ် စားသုံးရခြင်း၊ ဝယ်ယူစားသုံးရခြင်းမှ သက်သာပြီး အကုန်အကျ သက်သာခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ မိသားစုသုံးငွေ ချွေတာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်။

ပေါင်မြို့နယ်တွင် ကတိုက်ရေလှောင်တမံတည်ဆောက် နွေစပါးဧက ၁၀၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မည်

နေပြည်တော် ဇွန် ၄

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၉ရက် ညနေ ၄ နာရီခွဲက ပေါင်မြို့နယ် ကတိုက် ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က ကတိုက်ရေလှောင်တမံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ် သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စိုက်ပျိုးရေပေးဝေနိုင်

အဆိုပါ ကတိုက်ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာ ကတိုက်ချောင်းတွင်တည်ရှိပြီး ရေဆင်းဧရိယာ ၈ စတုရန်းမိုင်၊ တမံအမြင့် ၁၃၄ပေ၊ တမံအလျား ပေ၅၂၀၀ရှိပြီး၊ တမံတည်ဆောက်ပြီးစီးပါက နွေစပါးဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံလွင်တံတား(မော်လမြိုင်)မုတ္တမဘက်ခြမ်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ တံတားနှင့်ပတ်သက်သည့် လိုအပ်ချက်များ မှာကြားကာ တံတားကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စေတနာရှင်အကျိုးဆောင်များဂုဏ်ပြု

ရန်ကုန် ဇွန် ၄

ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ရိပ်သာအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် သတ္တမအကြိမ် စေတနာရှင်အကျိုးဆောင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ကျင်းပရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)က ကျေးဇူးတင်စကားပြောကြားသည်။

(အပေါ်ပုံ)

ယင်းနောက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက တက်ရောက်လာကြသည့် စေတနာရှင် အကျိုးဆောင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ် ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး၊ ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်း နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်များ၌ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး တိုင်းရင်းဆေးဖြင့်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးသင်တန်းဖွင့်

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်(အောက်ပုံ)နှင့် ကော့မှူးမြို့နယ်များ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲများသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ပါဝင်စိုက်ပျိုးပေးသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ကွမ်းခြံကုန်းမြို့နယ် ဝါးကောက်တော

ကျေးရွာ၌ ကျင်းပရာ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားပြီး တက်ရောက်လာသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးရန်ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍တိုင်းမှူးသည်ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်ပြီး အမှာစကားပြောကြား၍ ခြံစည်းရိုး ကြက်ဆူပျိုးပင်များကို စိုက်ပျိုးရန် ဝေငှပေးပြီး အမှတ်တရ စိုက်ပျိုးပေးသည်။

သင်တန်းဖွင့်ပွဲတက်ရောက်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် အိမ်ရှင်မများ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေး

ယင်းနောက်ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်ကြူက မြို့နယ်မှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၀ ကို ဒေါ်မာမာဝေထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ကလေးများသာယာသော ပတ်ဝန်းကျင်နှင့်အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်းစင်သော ကျောင်းအဖြစ် သတ်မှတ်နိုင်ရေး လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကို ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ဒေါ်မာမာဝေက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းကကလေးများအတွက် သာယာသော ပတ်ဝန်းကျင်နှင့် အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်း စင်ကျောင်းအဖြစ် သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကျောင်းသုံးစာရေးကိရိယာများပေးအပ်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ကွမ်းခြံကုန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌတို့က ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့်ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာသုံးစွဲရေးနှင့် ဆေးလိပ်မသောက်ရေး ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရေသန့်စက်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး ကော့မှူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ယဉ်သိန်းထံသို့ ရေသန့်စက်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးဒေါက်တာဒေါ်နွယ်နီအုန်းနှင့်အဖွဲ့ဝင်ဒေါက်တာဒေါ်ခင်သက်မြိုင်တို့က ယင်လုံအိမ်သာသုံးစွဲရေးအထောက်အကူပြု အိမ်သာခွက်များကို မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာမကြီးများထံ ပေးအပ်လှူဒါန်းသည်။

ပညာပေးဟောပြော

ယင်းနောက်ကော့မှူးမြို့နယ် ကျန်းမာရေးဦးစီးမှူးဒေါက်တာစိန်အေးက ဆေးလိပ်မသောက်ရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောသည်။

ထို့နောက်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဦးကြီးမြင့် ငါးနှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ် ၈၅ နေ ဒေါ်စိန်စိန်၊ သမီး ဒေါက်တာ ဒေါ်ဥမ္မာမြင့် (မျက်စိအထူးကုဆရာဝန်)မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်စုံညီစည်းဝေး

ရန်ကုန် ဇွန် ၄

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ ကောဒသမအကြိမ် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါဘဏ်ရုံးချုပ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူး ဦးသိမ်းအောင်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့၏ ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာကြသည့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကိုရယူသည်။

ထို့နောက် ဒါရိုက်တာ အဖွဲ့ဝင်များ နုတ်ထွက်ကြသည်။ ယင်းနောက် ၂၀၀၆-၂၀၀၇ခုနှစ်အတွက် ဒါရိုက်တာ အဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကြပြီး ၎င်းတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် အစုရှယ်ယာများအပေါ် အမြတ်ငွေများကို ဇွန် ၅ ရက်မှ စတင်၍ အဆိုပါဘဏ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝေဘာဂီမြို့သစ်တွင် ဂျိုးဖြူမင်္ဂလာ ရေပိုက်ဖွင့် ငွေကျပ် ၉၃၁ သိန်း အကုန်အကျခံဆက်သွယ်ပေးခဲ့

ရန်ကုန် ဇွန် ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် သောက်သုံးရေရရှိရေးအတွက် ဂျိုးဖြူမင်္ဂလာ ရေပိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၇နာရီက ဝေဘာဂီမြို့သစ်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ဝေဘာဂီမြို့သစ် ဗိုလ်ချုပ်လမ်းနှင့် ဝေဟင်လမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်မုခ်ဦးရှေ့၌ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကော်မတီဝင်ဦးကျော်စိုး၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအေးမြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကျော်ကျော်စိုးနှင့် ဝေဘာဂီမြို့သစ်ရပ်ကွက်ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဂျိုးဖြူရေမင်္ဂလာ ရေပိုက်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက်ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ရပ်ကွက်ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က မင်္ဂလာရေငုတ်မှ ဘားများကို စတင်လှည့်ကာ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ဧည့်သည်တော်များသည် ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေဆက်သွယ်ရယူထားသည့်နေအိမ်များသို့ သန့်ရှင်းကြည်လင်သည့် သောက်သုံးရေရရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြသည်။

အသင်းဝင်အဆိုပြုလွှာပေးအပ်

ဆက်လက်၍ မင်္ဂလာမဏ္ဍပ်၌ ဂျိုးဖြူမင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အသင်းဝင် အဆိုပြုလွှာ ၃၄၀၂စောင်ကို လက်ခံသည်။

သောက်သုံးရေဖြန့်ဝေပေးနိုင်

ယနေ့ဖွင့်လှစ်သည့် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်သို့ ဂျိုးဖြူရေပိုက်မှတစ်ဆင့် ဆက်သွယ်ရာတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ပံ့ပိုးငွေကျပ် ၂၈၁သိန်း၊ ရပ်ကွက်ပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၆၅၀ စုစုပေါင်းငွေကျပ် ၉၃၁သိန်း ကုန်ကျခံကာ စုစုပေါင်း ပေအရှည် ၂၃၈၅၀ ကို ဆက်သွယ်ပြီး အိမ်ခြေ ၁၃၀၀ တို့သို့ သန့်ရှင်းကြည်လင်သည့် သောက်သုံးရေဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၈ ရက်က သာကေတမြို့နယ် အမက(၂၁)ကျောင်းခန်းမ၌ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ စတုတ္ထတန်း(က)မှ မပိုပိုချစ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

အိုးထရက်ဖို့ဒ်၌ အင်္ဂလန်က ဂျမေကာကို ခြောက်ဂိုးသွင်း အင်္ဂလန်၏ကမ္ဘာ့ဖလားအောင်နိုင်ရေးစိတ်ဓာတ်ထုတ်ဖော်ပြ

လန်ဒန် ဇွန် ၄

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းသည် ဇွန် ၉ ရက်တွင် ဂျာမနီတွင် စတင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုများအဖြစ် ချစ်ကြည်ရေးပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ ဇွန်၃ရက်က အိုးထရက်ဖို့ဒ်၌ ဂျမေကာအသင်းကို ခြောက်ဂိုး–ဂိုးမရှိ သွင်းပေးလိုက်ခြင်းဖြင့် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားတွင် တွေ့ရမည့် စိတ်ဓာတ်နှင့် ခြေစွမ်းကို ထုတ်ဖော်ပြသလိုက်သည်။

အင်္ဂလန်အသင်းနှင့် ဟန်ဂေရီအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပီတာခရော့ချ်၏ ယှဉ်ပြိုင်ထိုးဖောက်မှုကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

အထူးနှစ်ခြိုက်

အင်္ဂလန်အသင်းအတွက် ပီတာခရော့ချ်က ဟက်ထရစ် (သုံးဂိုး)သွင်းပြလိုက်သဖြင့် ကမ္ဘာ့ဖလားအင်္ဂလန်ပရိသတ်အတွက် အထူးနှစ်ခြိုက်မှုရသွားသည်။

ပွဲစပြီး၁၀မိနစ်အကြာတွင်အင်္ဂလန်အသင်းအတွက် ဖွေဆော်ဦးဂိုးကို လမ်းပတ် ကန်သွင်းယူခဲ့သည်။ ယင်းနောက်တွင် ဂျမေကာ ကစားသမားတလောက ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ အင်္ဂလန်က နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ပွဲသိမ်းဂိုး

ယင်းနောက်တွင် အင်္ဂလန်တိုက်စစ်မှူး ပီတာခရော့ချ်က ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အင်္ဂလန်အတွက် ပွဲသိမ်းဂိုးကို မကြာသေးမီက ဒဏ်ရာမှ ပြန်ကောင်းလာသော မိုက်ကယ်အိုဝင်က သွင်းယူခဲ့သည်။

ထိုနေ့က အင်္ဂလန်အသင်းတွင် ဂိုး–ရော်ဘင်ဆင်၊ နောက်တန်း–ဝိန်းဘရစ်၊ ဖာဒီနန်၊ တယ်ရီ၊ ကင်းဘဲလ်၊ ကာရက်ဂါ၊ ဂျိုကိုးလ်၊ လမ်းပတ်၊ ကာရစ်၊ ဂျရတ်၊ ဒေါင်းနင်း၊ ဘက်ခမ်း၊ လင်နွန်၊ ခရော့ချ်နှင့် အိုဝင်တို့ ပါဝင်ကစားခဲ့သည်။

အရန်ခုံတွင် နဗီးလ်၊ ဟားဂရေ့ဗ်၊ ဂျီးနက်စ်၊ ဝေါ့ကော့တ်၊ ဒီဖိုး၊ ဂျွန်ဆင်နှင့် ဖော်စတာတို့ကိုလည်း တွေ့ရသည်။

အင်္ဂလန်အသင်းတွင် ဝိန်းရွန်နေ တစ်ယောက်မပါဝင်နိုင်သေးသော်လည်း ကျန်ကစားသမားများအားလုံးနီးပါး လူစုံတက်စုံဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် မောင်းတင်အားမွေးထားပြီဖြစ်သည်။

ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ဇွန်၁၀ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

စုစည်းတင်ပြသူ–မြင့်မောင်စိုး



အင်္ဂလန်အသင်းနှင့်ဂျမေကာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဟက်ထရစ် ဂိုးသွင်းပေးသော ပီတာခရော့ချ်အား နည်းပြအဲရစ်ဆင်က ဤသို့ အားပေးခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ဂိုးသွင်းကောင်းသောပီတာခရော့ချ် ကမ္ဘာ့ဖလားအဖွင့်ပွဲနှင့်ထိုက်တန်ဟု အဲရစ်ဆင်ပြောကြား

လန်ဒန် ဇွန် ၄

အင်္ဂလန်နည်းပြ အဲရစ်ဆင်က ဇွန်၁၀ရက်တွင် ပါရာဂွေးနှင့်ကစားမည့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်၌ ပီတာခရော့ချ်နှင့် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ပီတာခရော့ချ်သည် ကမ္ဘာ့ဖလားပွဲအကြို ခြေစမ်းပွဲများအဖြစ် ဟန်ဂေရီနှင့်ပွဲတွင်လည်းကောင်း၊ ဂျမေကာနှင့်ပွဲစဉ်တွင်လည်းကောင်း ဂိုးများသွင်းယူပြသနိုင်ခဲ့၍ နည်းပြအဲရစ်ဆင်ကို ကျေနပ်နှစ်သက်မှုဖြစ်စေခဲ့သည်။

ပီတာခရော့ချ်အား လူကြိုက်များသည့် ပွဲတစ်ပွဲရှိထားပြီဖြစ်ကြောင်း၊ ၎င်း၏ ဂိုးများကြောင့် ပြိုင်ပွဲအားလုံးနီးပါးအနိုင်ရခဲ့ကြောင်း အဲရစ်ဆင်က ပြောကြားသည်။

ယင်းအနိုင်ဂိုးများကြောင့် ပီတာခရော့ချ်သည် လာမည့်အဖွင့်ပွဲစဉ် ဇွန်၁၀ရက် ပါရာဂွေးနှင့် ကစားမည့်ပြိုင်ပွဲအတွက် ထိုက်တန်သည်ဟု မိမိထင်ကြောင်း အဲရစ်ဆင်က ဆက်လက်ပြောဆိုသည်။

ထိုနေ့က လမ်းပတ်နှင့် မိုက်ကယ်အိုဝင်တို့လည်း အင်္ဂလန်အသင်းအတွက် တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ မိုက်ကယ်အိုဝင်၏ဂိုးမှာ ဒဏ်ရာမှ အနားယူ ပြန်လာပြီးနောက် ပထမဆုံးဂိုးပင်ဖြစ်သည်။ **(အင်တာနက်)**

ကိုလံဘီယာကို အနိုင်ရခဲ့၍ ကလင်းစမန်းနှင့်ဘောလက်တို့ အဆင်ပြေပြီ

ဘာလင် ဇွန် ၄

ဂျာမနီအသင်း နည်းပြ ကလင်းစမန်းက ၎င်း၏အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်နှင့် စိတ်ဝမ်းကွဲစရာ သတင်းများအပေါ် ပြေပျောက်စေရန် သဟဇာတမျှတစွာဖြင့် ဘောလက်အား ဆက်ဆံခဲ့ကြောင်း ပြောကြားသည်။

ဝေဖန်ပြစ်တင်

မိုက်ကယ်ဘောလက်သည် ဂျပန်အသင်းနှင့် ယှဉ်ပြိုင် ကစားရာတွင် နှစ်ဂိုး–နှစ်ဂိုး သရေကျခြင်းကို နည်းပြ ကလင်းစမန်းအား ဝေဖန်ပြစ်တင် ပြောဆိုခဲ့သည်။

သို့ရာတွင် ကိုလံဘီယာအသင်းကို သုံးဂိုး–ဂိုးမရှိသွင်းပေးလိုက်သဖြင့် နည်းပြ ကလင်းစမန်း ပြန်၍ပြုံးလာနိုင်ပြီး သူ၏ကစားသမားများအပေါ် အားပေးခဲ့သည်။

ကိုလံဘီယာနှင့်ပွဲတွင် ဘောလက်က အဖွင့်ဂိုးသွင်းပေးနိုင်ခဲ့ပြီး ရှဝိန်းစတိုင်ဂါနှင့် ဘိုရောစကီးတို့လည်း ထပ်ဆင့်ဂိုးများ သွင်းပေးလိုက်၍ နည်းပြ ကလင်းစမန်းသဘောကျသွားသည်။

အားနည်းချက်

မိမိတို့ ဂျာမနီအသင်းသည် လွန်ခဲ့သော နှစ်နှစ်က အားနည်းချက်များကို ဖြေရှင်းနိုင်ခြင်းမရှိသေးဘဲ စွန့်စား၍ ကစားနေရကြောင်း မိုက်ကယ်ဘောလက်က နည်းပြ ကလင်းစမန်းအား ပြောကြားသည်။

ဂျာမနီအသင်းသည် လျင်လျင်မြန်မြန် ထိုးဖောက်ကစားနိုင်သော်လည်း ဘောလုံးပိုင်ဆိုင်မှု အားနည်းနေသေးကြောင်း ဘောလက်က ပြောကြားသည်။ **(အင်တာနက်)**

ဂျာမနီနည်းပြ ကလင်းစမန်းနှင့် အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်တို့အား ဤသို့ ရင်းရင်းနှီးနှီး..... ။
(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လမ်းအတွင်းက အကြော်ဖို မီးဘေးစိုးရိမ်နေရ

စာတည်းခင်ဗျား–

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂)ရပ်ကွက် ၃၅ x ၃၆နှင့် ၆၃ x ၆၄ လမ်းကြားရှိ အာလူးကြော်နှင့် မုန့်မျိုးစုံလုပ်ငန်းသည် နေ့စဉ်နံနက် ၈ နာရီမှ ည ၉ နာရီအထိ ဖိုကြီးဖိုငယ်များဖြင့် ကြော်လှော်လျက်ရှိပါသည်။ အကြော်ဖိုမှာ လူနေအိမ်များနှင့် နီးကပ်လျက် ရှိသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

အားကစားကွင်းဘေးအမှိုက်ပုံ ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား–

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် မြင်သာ ဟသ်ာလမ်းနှင့် ၄က်တော်လမ်းထောင့် အားကစားကွင်းဘေးရှိ စည်းကမ်းမဲ့ အမှိုက်ပုံကြီး တစ်ပုံရှိပြီးအမှိုက်များကြောင့် ရေမြောင်းများပိတ်ဆို့ကာ ရေများလျှံတက်လျက်ရှိပါသည်။ အမှိုက်ပုံမှထွက်ရှိသော အနံ့ဆိုးများကြောင့်လည်း ပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် အဆိုပါအမှိုက်ပုံအား အမြန်ဆုံးဖယ်ရှား ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်နေသူ**

သီချင်းဆိုသံ နားမခံသာ

စာတည်းခင်ဗျား–

စစ်ကိုင်းတိုင်း မြောင်မြို့ တောင်ရပ်ကွက် (မြောင်–ပရိမ္မကားလမ်း) ရှိ ကာရာအိုကေ ဆိုင်တစ်ဆိုင်သည် နံနက်မှ ည ၁၀ နာရီခွဲအထိ သီချင်းဆိုသံများကို လိုအပ်သည်ထက်ပို၍ ကျယ်လောင်စွာ ဖွင့်ဆိုနေခြင်းကြောင့် ပတ်ဝန်းကျင်နေသူများ နားမခံသာဖြစ်နေရပါသည်။

သို့ပါ၍ အဆိုပါ ကာရာ အိုကေဆိုင်အား လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာဖြစ်နေရသူများ

ဆိုင်ခန်းအတွင်းအမှိုက်ပုံ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား–

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဈေးကြီး၏ သံသုမာလမ်းနှင့် ကောက်လျင်လမ်းထောင့်ရှိ ဈေးအဝင်အထွက် တံခါးပေါက်ဘေး ဆိုင်ခန်းအလွတ်တစ်ခန်းတွင် အမှိုက်များစုပုံထားရှိသဖြင့် **(အောက်ပုံ)** အနီးရှိဆိုင်ခန်းများမှ ဈေးသည်များနှင့် ဈေးဝယ်လာသူများ အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရပါသည်။ သို့ပါ၍ အဆိုပါ အမှိုက်ပုံအား ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

ရပ်ကွက်ရှိ စက်မှုလုပ်ငန်း စက်မှုဇုန်သို့ ပြောင်းပေးစေလို

စာတည်းရှင့်–

မော်လမြိုင်မြို့ မောင်ငံကွင်းရပ် ယုဇနလမ်း (အထက်လမ်းမနှင့် အောက်လမ်းမကြား)မှ အိမ်တစ်အိမ်တွင် လုပ်ငန်းလိုင်စင်မရှိ၊ ပါဝါမီတာမရှိဘဲ အိမ်သုံးမီတာဖြင့် တွင်ခုံနှစ်လုံး၊ ဂဟေဆော်စက် တစ်လုံးဖြင့် စက်မှုလုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်လျက်ရှိပါသည်။ လုပ်ငန်းမှထွက်ပေါ်လာသော စက်သံများ၊ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသဖြင့် သက်ဆိုင်ရာမှ ၎င်းလုပ်ငန်းအား စက်မှုဇုန်သို့ ပြောင်းရွှေ့စေသင့်ပါကြောင်း တင်ပြအပ်ပါသည်။

ယုဇနလမ်းသားများ

လောင်စာဆီ တရားမဝင် ရောင်းဝယ်နေ

စာတည်းခင်ဗျား–

ကချင်ပြည်နယ် နမ္မတီးမြို့ပေါ်ရှိ ရပ်ကွက်တိုင်း၌ တရားမဝင်လောင်စာဆီများကို သိုလှောင်ရောင်းဝယ်နေပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။ အဆိုပါ လောင်စာဆီသိုလှောင် ရောင်းဝယ်နေသူများကို သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

မာလာလမ်းသွယ်(၁)မှ မိလ္လာပေါက်ပြင်ဆင်ဆောင်ရွက်

၁၃–၃–၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် မာလာလမ်းသွယ်(၁)ရှိ အိမ်တစ်အိမ်တွင် **မိလ္လာပိုက်ပေါက်နေသောကြောင့် မိလ္လာပိုက်ပြင်ဆင်ပေးသင့်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ဖလား သတင်းဂယက်

အီတလီနှင့် ချက်အသင်းတို့သာ အုပ်စု(င)မှ နောက်တစ်ဆင့်တက်လှမ်းနိုင်ဖွယ်ရှိ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၄

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စု(င)မှ အသင်းများ အကြိတ်အနယ်ကစားရမည်ဖြစ်သည်။ အီတလီ အမေရိကန်၊ ချက်သမ္မတနိုင်ငံနှင့် ဂါနာတို့ပါဝင်သော အုပ်စု(င)၌ အုပ်စုဗိုလ်အဖြစ် အီတလီတို့တက်နိုင်မည်ဖြစ်သည်။

အီတလီတို့ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဥရောပဇုန် အုပ်စု(၅)တွင် အုပ်စုပထမရပြီး ခြေစစ်ပွဲအောင်လာသလို ခြေစစ်ပွဲတစ်လျှောက် ရှုံးပွဲတစ်ပွဲတည်းသာရှိခဲ့သည့် အသင်းလည်းဖြစ်သည်။

အစွမ်းကုန်ကြိုးစားမည်

၁၉၃၄၊ ၁၉၃၈နှင့် ၁၉၈၂ ခုနှစ်များ၌ ကမ္ဘာ့ဖလားချန်ပီယံ ဖြစ်ခဲ့ဖူးသည့် တောက်ပသော သမိုင်းကြောင်းဖြစ်စဉ်များရှိခဲ့သော အီတလီတို့ကို နည်းပြမာဆယ်လိုလစ်ပီက တစ်ကျော့ပြန်အောင်မြင်မှုရရှိရန် အစွမ်းကုန် ကြိုးစားပြမည်ဟု ဆိုထားသည်။ အောင်မြင်မှုများနှင့် နှစ်ပေါင်း ၂၀ ကျော် ဝေးကွာခဲ့ရမှုကို အီတလီတို့ ယခုကမ္ဘာ့ဖလား၌ ချေဖျက်တော့မည်ဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ ရလဒ်များအရ အီတလီတို့ ခြေစွမ်း တည်ငြိမ်ကောင်းမွန်ပြီး ကြိုးစားမှု၊ ရည်မှန်းချက်ပြင်းထန်မှုတို့ကြောင့် ရလဒ်ကောင်းများနှင့်ပွဲတိုင်းကြုံတွေ့ရမည်ဟု နည်းပြမာဆယ်လိုလစ်ပီ ပြောကြားလျက်ရှိသည်။ ခြေစစ်ပွဲတွေ လွယ်ကူလွန်းသောကြောင့် ကမ္ဘာ့ဖလားပွဲစဉ်များတွင် မိမိတို့အသင်း ခြေစွမ်းကို ကောင်းကောင်းပြရမည်ဟု အီတလီတို့က ပြောကြားလျက်ရှိသည်။

ဖြည့်ဆည်းပေးထား

တစ်ဦးချင်းရော၊ အသင်းလိုက်ပါ ကစားပုံကောင်းမွန်မှု၊ တစ်ဦးချင်း အရည်အသွေး၊ စုစည်းမှု၊ ဂိုးသွင်းသေချာမှုများက မည်သည့်အသင်းများနှင့်မျှမတူဘဲ နေရာစုံ ထောင့်စုံမှ လစ်ဟာမှု မရှိအောင်လည်း နည်းပြမာဆယ်လိုလစ်ပီ ဖြည့်ဆည်းပေးထားသည်။

အီတလီအသင်းနည်းပြ မာဆယ်လိုလစ်ပီ။ (ဓာတ်ပုံ-အင်တာနက်)

အုပ်စုဗိုလ်

အီတလီအသင်း၌ တိုက်စစ်မှူး တော့တီမှာ အတွေ့အကြုံ ရင့်ကျက်သူဖြစ်ပြီး ဂိုးသွင်းမှု မှန်ကန် တိကျသည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။ ဘောလုံးကျွမ်းကျင်မှုစွမ်းရည်၊ အဆုံးသတ် ကောင်းမွန်သည့် ဂိုးသွင်းချက်များကြောင့် အီတလီတို့အတွက် အားထားစရာ တိုက်စစ်မှူးပင် ဖြစ်သည်။ ထို့အပြင် အလယ်တန်းနှင့် နောက်တန်းအားကောင်းသည့် အခြားအသင်းများနှင့် ယှဉ်ပြိုင်နိုင်သည့် အနေအထားများရှိသည်။ အီတလီတို့ အသင်းလိုက်ကစားမှုနှင့် တစ်ဦးချင်း စွမ်းရည်လည်း မြင့်မားကြသည်ဖြစ်ရာ အုပ်စု(င)၌ အီတလီတို့ အုပ်စုဗိုလ်ဖြစ်နိုင်သည်။

ချက်လက်ရွေးစင်ဘောလုံးအသင်းမှ ကွင်းလယ်တိုက်စစ်မှူး ပေဗယ်နက်ဗက် ဤသို့ အောင်ပွဲခံ ခြေစွမ်းပြဦးမည်လား။
(ဓာတ်ပုံ-အင်တာနက်)

အလေးထား

သို့သော် အီတလီတို့ အနေဖြင့် ချက်သမ္မတနိုင်ငံအသင်းနှင့် အမေရိကန်အသင်းတို့ကို အလေးထား ယှဉ်ပြိုင်ရမည့် အနေအထား ရှိနေသည်။ ချက်အသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှစ်ကြိမ်ဝင်ရောက်ကစားခဲ့ဖူးပြီး ၁၉၃၄ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်များ၌ ဒုတိယရရှိခဲ့သည့် ရလဒ်များရှိနေသည်။

ဒဏ်ရာရသူများ

ယခုနှစ် ကမ္ဘာ့ဖလား၌ နော်ဝေနှင့်ရှုံးထွက်ပွဲကစားပြီး ခြေစစ်ပွဲအောင်လာခြင်းဖြစ်ရာ ခက်ခက်ခဲခဲ ရန်းကန်ပြီးမှ ဂျာမနီသို့ ချီတက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။ သို့သော် ယန်ကူလော့စကီး၊ နက်ဗက်၊ ပီတာဆက်ချ်စသည့် ကမ္ဘာ့အဆင့်မီ အားကစားသမားများ ပါဝင်ကစားမည့် ချက်တို့ အီတလီကိုကျော်လွှားပြီး အုပ်စုဗိုလ်ရနိုင်သည့် အနေအထားလည်း ရှိနေသည်။ ယူရို ၂၀၀၄အသင်းကို အခြေခံပြီးဖွဲ့စည်းထားခြင်းအတွက် စုစည်းမှုနှင့် တစ်ဦးနှင့်တစ်ဦးနားလည်မှုတို့၌ ကောင်းမွန်သည့်အသင်းလည်းဖြစ်သည်။ ချက်အသင်း၏ အားနည်းချက်မှာ ဒဏ်ရာရသူများနေခြင်း ဖြစ်သည်။ ချက်နည်းပြ ကားလ်ဘရစ်နာက အုပ်စု(င)၌ ချက်အသင်း အုပ်စုဗိုလ်ဖြစ်အောင် ကြိုးစားသွားမည်ဟုပြောကြားလျက်ရှိရာ လက်တွေ့၌ မည်သို့အကောင်အထည်ဖော်မည်ကို ကြည့်ရှုရမည်ဖြစ်သည်။

ချက်လက်ရွေးစင် ဘောလုံးအသင်း။
(ဓာတ်ပုံ-အင်တာနက်)

ကျော်လွှားရန်မလွယ်

ကမ္ဘာ့ဖလားပြိုင်ပွဲကို လေးနှစ်ဆက်တိုက်ခြေစစ်ပွဲအောင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ ကွာတားဖိုင်နယ်အထိရောက်ခဲ့ဖူးသည့် အမေရိကန်အသင်းမှာ မြန်မြန် နှင့်ခွန်အားသုံး ကစားနိုင်သော်လည်း အုပ်စု(င)၌ အီတလီနှင့် ချက်အသင်းကို ကျော်လွှားရန်မလွယ်ကူပါချေ။ သို့သော် ကွန်ကာကက်ဖ်ဇုန် ခြေစစ်ပွဲ၌ နာမည်ကြီး မက္ကဆီကိုအသင်းကို ကျော်လွှားပြီး အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်လာခဲ့သည့်အသင်း ဖြစ်သည်။

အမေရိကန်လက်ရွေးစင် ဘောလုံးအသင်း။
(ဓာတ်ပုံ-အင်တာနက်)

စိန်ခေါ်နိုင်

ပြည်တွင်းလိဂ်ပြိုင်ပွဲများ အဆင့်အတန်းမြင့်လာအောင် ကြိုးစားနေပြီး ဘောလုံးစွမ်းရည်တိုးတက်အောင် လုပ်ဆောင်နေသည့် အမေရိကန်တို့ ကမ္ဘာ့အဆင့်၌ ဒုတိယတန်းစား အသင်းတစ်သင်း မဟုတ်တော့သည်ဖြစ်ရာ အမေရိကန်အသင်းနည်းပြ ဘရုစ် အရီနာ၏ ဦးဆောင်မှုကြောင့် ပြိုင်ဘက်အသင်းများကို စိန်ခေါ်နိုင်သည့် အနေအထားရောက်ရှိနေပြီ ဖြစ်သည်။

အကျပ်အတည်းတွေ့နိုင်

လူငယ်အများစုကို အခြေခံပြီး ဖွဲ့စည်းထားသည့် အမေရိကန်အသင်းတွင် တိုက်စစ်မှူးလန်ဒန်ဒိုနှင့် တောင်ပံကစားသမား ဒါမားစ်ကပ်စ်ဘီယာ့စ်လေတို့၏ ခြေစွမ်း ထက်မြက်မှုက အမေရိကန်အသင်းကို ထိုက်တန်သည့်နေရာတစ်ခုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ သို့သော် အုပ်စု(င)၌ အီတလီနှင့် ချက်အသင်းကို အနိုင်ယူပြီး အုပ်စုမှတက်ရန်မှာ အမေရိကန်တို့ တော်ရုံကြိုးစား၍ရမည်မဟုတ်ရာဝါနှင့် သမ္မာတွင်လည်း ယှဉ်ပြိုင်မှုမရှိချေ။ အမေရိကန်တို့ အတင်းဝင်၊ အတင်းထွက် ခပ်ရဲရဲ ကစားတတ်မှုကြောင့် ပြိုင်ဘက်အသင်းများ အကျပ်အတည်းတွေ့နိုင်သော်လည်း နိုင်ပွဲရပြီး အုပ်စုမှတက်ရန်မှာ ဖြစ်နိုင်ခြေသိပ်မရှိချေ။



ဒါမားစ်ကပ်စ် ဘီယာ့စ်လေ

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အမေရိကန် အသင်း၏ အားအထားရဆုံး ဘောလုံးသမား ဒါ မားစ် ကပ်စ် ဘီယာ့စ်လေ။
(ဓာတ်ပုံ-အင်တာနက်)

အာဖရိကဖလား လေးကြိမ်ရရှိထားပြီး ဥရောပလိဂ် အတွေ့အကြုံရှိသော ဘောလုံးသမားများကို အခြေခံဖွဲ့စည်းထားသည့် ဂါနာအသင်းမှာ အုပ်စု(င)၌ လူသစ်တန်းပင် ဖြစ်သည်။ ကမ္ဘာ့ဖလားကို ယခုနှစ်မှ စတင်ဆင်နွှဲခဲ့ဖူးပြီး အင်အားသုံး အမြန်ကစားနိုင်သော်လည်း ကမ္ဘာ့ဖလားအုပ်စုအဆင့်မှာပင် အတွေ့အကြုံယူပြီး အိမ်ပြန်ရမည့် အနေအထားရှိသည်။

အထင်မသေးဝံ့

အမည်းရောင်ကြယ်များဟုအမည်တွင်နေသည့် ဂါနာတို့မှာ အာဖရိက၏ ဘရာဇီးဟု တင်စားခေါ်ဝေါ်ခံရသော အသင်းဖြစ်ရာ ခြေစစ်ပွဲ၌ တောင်အာဖရိကနှင့် ဇမ်ဘီယာကို ကျော်ဖြတ်ပြီး အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်လာမှုကလည်း အထင်မသေးဝံ့စရာဖြစ်သည်။

ဂါနာအသင်းကို အဓိကမောင်းနှင်မည့် စွမ်းအားရှင်များမှာ ကွင်းလယ်ကစားသမား စတီဗင်အပီးယား၊ တိုက်စစ်မှူးများဖြစ်သော မွန်တာရီနှင့်အာမိုရာတို့ဖြစ်ပြီး ဂါနာအသင်း၏ ကမ္ဘာ့ဖလား ခရီးကြမ်းကို မည်မျှခရီးပေါက်အောင် ဖြတ်သန်းနိုင်ရေး ကြိုးစားပေးမည့် အနေအထားကို တွေ့မြင်ရမည် ဖြစ်သည်။ သို့သော်အုပ်စု(င)၌ ကမ္ဘာ့ဖလား ဝါအနုဆုံး ဂါနာကို အတွေ့အကြုံနှင့် ခြေစွမ်းတွင် ကျန်ပြိုင်ဘက်အသင်းကို တူတူတန်တန် မယှဉ်နိုင်သည်ဖြစ်ရာ ဂါနာတို့အုပ်စုအဆင့်၌ပင် ကျေနပ်ရမည်ဖြစ်ပြီး အီတလီနှင့် ချက်တို့သာ အုပ်စုမှတစ်ဆင့်တက်ကာ ကမ္ဘာ့ဖလားခရီးကို ဆက်နိုင်ကြဖွယ်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။ ။

(အင်တာနက်)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျောင်းသုံးစာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၄

ဝေါမြို့ အေးချမ်းသာယာတိုးချဲ့ရပ်ကွက်ရှိ ဓမ္မမေဒိနီဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဇွန်၁ရက်က အလှူငွေပေးအပ်ပွဲကျင်းပရာ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဓမ္မမေဒိနီစာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်တော်မူပြီး အလှူရှင်များဖြစ်ကြသော ဝေါမြို့ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်မြင့်-ဒေါ်ခင်ကြူသင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဟန်ထွန်းအောင်-ဒေါ်ခင်သောင်း မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးငွေးအောင်-ဒေါ်မြမြစိုး မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးဆောင်းရင်-ဒေါ်မြင့်မြင့်ကြည် မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးစိုးမြင့်- ဒေါ်သင်းသင်း မိသားစုက ငွေကျပ်ငါးထောင်တို့ကို လှူဒါန်းကြပြီးနောက် နယ်စပ်ဒေသအသီးသီးမှ ရောက်ရှိပညာသင်ကြားလျက်ရှိသော ရှမ်း၊ ကရင်၊ ပလောင်၊ ပအိုဝ်းစသောသာမဏေ၅၀ကျော် နှင့်ကျောင်းသားကျောင်းသူ၂၀၀ကျော်တို့အား ပညာရည်ချွန်ဆုနှင့် ကျောင်းသုံးစာအုပ်များ လှူဒါန်းကြကြောင်းသိရသည်။ **(က-ပ)**

ငွေပဒေသာပင်လှူဒါန်း

ဖခင်ဦးတင်မြင့်နှင့် မိခင် ဒေါ်ကြူမြိုင်တို့အား ရည်စူး၍ ဗုဒ္ဓဂယာမြေတွင် ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးရန် ဆောက်လုပ်မည့် ကျောင်းဆောင်အတွက် လှူဒါန်းငွေကျပ်၁၀သိန်း၊ ဆရာ ဆရာမများအတွက် ကန်တော့ရန်ငွေကျပ်သုံးသိန်း၊ ကော့သောင်း သဲအင်းဂူရိပ်သာသို့ ငွေပဒေသာပင် ငွေကျပ် နှစ်သိန်း၊ ဓီဝိတဒါနသံဃာ့ဆေးရုံသို့ လှူဒါန်းငွေကျပ်တစ်သိန်း၊ ရန်ကုန်နာရေးကူညီမှု အသင်းသို့ လှူဒါန်းငွေကျပ်တစ်သိန်း၊ မြိတ်မြို့ ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် ငွေကျပ်တစ်သိန်း၊ ဣန္ဒာရာမကျောင်းတိုက်သို့ ငွေပဒေသာပင် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းပွဲကို ဇွန်၃ရက်က အောက်ကြည့်မြင်တိုင်လမ်းမကြီး အမှတ်၅၀၈(˚B)၌ ကျင်းပရာ အလှူရှင် ဒေါ်ရီရီဆွေ မိသားစုက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(၃၅၂)

အင်းစိန်မြို့နယ်၌ လူသတ်တရားခံအား ၂၄နာရီအတွင်းဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၄

အင်းစိန်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက်၌ မေ၂၅ရက်တွင် လူသတ်၊ လုယက်မှုတစ်မှု ဖြစ်ပွားခဲ့ပြီး တရားခံအား ၂၄ နာရီအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အမှုဖွင့်တိုင်ကြား

ဖြစ်ပွားပုံမှာ အင်းစိန်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက် ပိတောက်လမ်း အမှတ်(၁၈၀/ခ)နေ မောင်အာကာပိုင် (ဘ) ဦးမြင့်ချို သည် မေ၂၅ရက် ည၇နာရီခန့်တွင် ဘုရင့်နောင်ဈေးမှ နေအိမ်သို့ ပြန်လာစဉ် အိမ်အပေါ်ထပ်နောက်ဖေး ထမင်းစားခန်းအတွင်း၌ မိခင်ဖြစ်သူ ဒေါ်တင်ထွေး (ခ)ဒေါ်ထွေး အသက်(၅၂) နှစ် (ဘ)ဦးသောင်းသည် ဓားဒဏ်ရာများဖြင့် သေဆုံးနေပြီး နေအိမ်ရှိသေတ္တာအတွင်းမှ ငွေသားကျပ် သိန်း ၁၀၀ခန့်နှင့် ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုး ငွေကျပ် ၃၅သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၅သိန်းခန့် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် အင်းစိန် မြို့နယ်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖမ်းဆီးမိ

စုံစမ်း စစ်ဆေးချက်များအရ ယင်းနေ့ည ၇နာရီကျော်ခန့်တွင် အခင်းဖြစ်နေအိမ်၏ အနောက်ဘက် ကိုက်၁၀၀ခန့်အကွာ ရေမြောင်းအတွင်းမှ သွေးစွန်းနေသော အပြာရောင် ဂျင်းဘောင်းဘီရှည်တစ်ထည်၊ ဂျိုးသိန်းဆေးပေါ့လိပ်တံဆိပ်ပါ စွပ်ကျယ်လက်ပြတ်တစ်ထည် အပါအဝင် အညိုရောင်မိန်းမကိုင် ဆလင်းဘက်အိတ်တစ်လုံးကိုသိမ်းဆည်းရမိခဲ့ပြီး မေ၂၆ရက် ညနေ၃နာရီခန့်တွင် လူသတ်တရားခံ ဖြစ်သူ မောင်ကျော်(ခ) အောင်ကျော်(ခ) သိန်းလင်းအောင် အသက်(၂၀နှစ်) (ဘ) ဦးဝင်းမြင့်အား သုံးဆယ်မြို့နယ် တောင်ပန်းဆွဲကျေးရွာ သုံးဆယ်ချောင်းကူးတို့ဆိပ်၌ ဖမ်းဆီးရမိခဲ့သည်။

ယူဆောင်ခဲ့

တရားခံ၏ ထွက်ဆိုချက်အရ ၎င်းသည် သေဆုံးသူ ဒေါ်တင်ထွေး၏ သားဖြစ်သူ ကိုအာကာပိုင်၏ မုဒိတာ လက်ဖက်ရည်ဆိုင်၌ ယခင်က အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး အကျင့်စာရိတ္တမကောင်း၍ လွန်ခဲ့သော တစ်လခန့်က ဒေါ်တင်ထွေးက အလုပ်ဖြုတ်ပြီး နေအိမ်မှ နှင်ထုတ်ခဲ့သဖြင့် ဒေါ်တင်ထွေးအား မုန်းတီးနေကြောင်း၊ ထို့ကြောင့် ဒေါ်တင်ထွေးအား သတ်ဖြတ်ပြီး ငွေများယူရန် ဆုံးဖြတ်ခဲ့ကြောင်း၊ မေ၂၅ရက် နံနက် ၁၀နာရီခွဲခန့်တွင် ဒေါ်တင်ထွေး နေအိမ်သို့ သွားရောက်ခဲ့ပြီးအ လုပ်အကိုင်အဆင်မပြေသဖြင့် ပြန်လည်အလုပ်လုပ်လိုကြောင်း ဒေါ်တင်ထွေးအား ပြောဆိုခဲ့ကြောင်း၊ အလုပ်ရလျှင် သုံးလခန့် လုပ်လိုကြောင်း ပြောပြီး ရေသောက်ရန် ထိုင်ရာမှထစဉ် ခါးကြားမှအသင့်ဆောင်ထားသောခေါက်ဓားမှာ အောက်သို့ လျှောကျ သွားသည်ကို ဒေါ်တင်ထွေးမြင်ပြီး "ဓားပြ၊ ဓားပြ"ဟု အော်သဖြင့် ဒေါ်တင်ထွေးအား ဓားဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်တင်ထွေး၏ ခုတင်အောက်ရှိ သံသေတ္တာအတွင်းမှ ငွေနှင့် ရွှေထည်ပစ္စည်းများကို ယူဆောင်ခဲ့ကြောင်း သိရသည်။

သိမ်းဆည်းမိ

တရားခံယူ ဆောင်သွားသော ငွေဖြင့် ဝယ်ယူခဲ့သည့် ရွှေထည်ပစ္စည်း သုံးမျိုးနှင့်ငွေသား ကျပ်ရှစ်သိန်းခန့်ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ကျန်ရွှေ၊ငွေများကို သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ တရားခံအား ထိရောက်သော ပြစ်ဒဏ်ရရှိရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ တရားခံအား ၂၄နာရီအတွင်း ဖမ်းဆီးရမိခြင်းမှာ ပြည်သူလူထု၏ အားတက်သရော ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရဲကျင့်ဝတ် စံပြရဲရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ၂၀၀၆ ခုနှစ် တိုင်းအဆင့် ရဲကျင့်ဝတ်ရေးဖြေစာမေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရဲမှူးအဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင် ၁၁၉ဦး ဝင်ရောက် ဖြေဆိုကြသည်။

အလားတူ စံပြရဲရေးဖြေစာမေးပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ ရဲအုပ်အဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင်၉၆ဦး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲကျင်းပရာသို့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင်နှင့် ဌာနခွဲမှူးများ၊ ခရိုင်ရဲမှူးများ၊ ဦးစီးအရာရှိများက ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်မဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၄

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း ၆ဝိုင်း အိမ်မဲကျောင်း ဇေတဝန်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအား ဖိတ်ကြားထားကြောင်း သိရသည်။

သင်္ကန်း၊ ဆွမ်းနှင့်ဆေးစသည်တို့ကို ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင် သိန်း ဖုန်း-၂၄၆၉၃၇၊ အတွင်း ရေးမှူး ဦးမြင့်စိုး ဖုန်း-၀၉-၅၀၁-၄၉၄၃၊ တွဲဖက်အတွင်း ရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြဦး ဖုန်း-၂၉၉၉၆၅၊ အမှုဆောင် ဒေါ်စီစီ ဖုန်း-၂၂၅၂၄၉၊ ဦးအောင်ဝင်း ဖုန်း-၃၇၈၂၀၅၊ ဦးခင်မောင်သန်း ဖုန်း-၆၆၅၃၄၆၊ ဦးကြည်ဦး ဖုန်း-၅၂၄၄၆၀နှင့် အကျိုးဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်း မိသားစုများ၏ သားသမီးများအား ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို မေ၃၁ ရက်က လားရှိုးမြို့ အမှတ်(၁) ရဲစခန်း ရဲသူရိန်ခန်းမ၌ ကျင်းပရာ ယာယီ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကံလှိုင်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၇၆၂၂၀၀ကို ပြည်နယ်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဒေါ်သန်းသန်းလှဲ့အား ပေးအပ်သည်။

ထောက်ပံ့

ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့အနေဖြင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ၃၁၁၇၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

အမည်ပြောင်း

အဖဦးစိန်သန်းဦး-အမိဒေါ်စန်းစန်းဝင်းတို့၏သား အထက၊ ရပ်စောက်တက္ကသိုလ်ဝင်တန်း (ဘီ)မှ မောင်ငြိမ်းချမ်းအား ယနေ့မှစ၍ မောင်ကျော်ဇေယျဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇေယျ ၁၃/ရစန(နိုင်)၀၇၃၀၉၈။**

အမည်ပြောင်း

အဖဦးသိန်းလွင်၏သား တောင်ငူ၊ အထက(၁) န၀မတန်း(ဘီ)မှ မောင်ကျော်ကျော်ကောင်းထက်လွင်အား ယနေ့မှစ၍ မောင်ကောင်းထက်လွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းထက်လွင်။**



အခရုဏ်ဦး

ဆေးဝါးနားလည်မှု အခြေခံသင်တန်း

(သင်တန်းသစ်စပြီ) ဖုန်း-၀၉-၉၉-၂၂၃၇၂၊ အမှတ် ၁၈/ လေးလွှာ၊ လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ရန်ကုန်။

လက်တွေ့လုပ်ကိုင်နေသော ဆရာဝန်ကြီးများကသာ အစအဆုံး သင်ကြားပေးသည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃ခ/၄၈၁၉ Nissan Cefiro ယာဉ်လက်ဝယ်ရှိသူဦးဝင်းတင့် မှတ်ပုံတင်အမှတ် ၁၂/လမန(နိုင်)၀၂၇၃၀၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊အနောက်ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)။**

ရွှေတောင် ပြည်လုံးချမ်းသာစေတီတော် ရွှေသင်္ကန်းကပ်လှူပွဲကျင်းပ

ရွှေတောင် မေ ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် ပြည်လုံးချမ်းသာစေတီတော်၏ (၂၁)ကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲနှင့် ရေစက်ချမင်္ဂလာကို မေ ၂၆ရက် နံနက်က အဆိုပါစေတီတော် အရှေ့ဘက်အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးငွေကိုင်က ရွှေသင်္ကန်းကပ်လှူရခြင်း၊ မာကျူရီမီးလုံးများနှင့် မီးဆလိုက်များ ထွန်းညှိပူဇော်ခြင်းတို့ တင်ပြလျှောက်ထားပြီး ရွှေတောင်မြို့ မဟာဝိသုတာရာမဂန္ဓာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကျော် ဘဒ္ဒန္တအဂ္ဂဝံသထံမှ ကိုးပါးသီလခံယူကြသည်။

ထို့နောက် ပင့်သံဃာကိုးပါးတို့က ပရိတ်တရားတော်များ ချီးမြှင့်ကြပြီး အနေကဇာတင်တော်မူကာ ကောင်းမှုအစုစုတို့အတွက် သာဓု အနုမောဒနာတရား ဟောကြားသည်။

ကျွေးမွေးဧည့်ခံ

ဆက်လက်၍ ကြွရောက်လာကြသူများနှင့် ပြည်သူများအား အုန်းနို့ခေါက်ဆွဲ၊ ကော်ရည်ခေါက်ဆွဲ၊ ပြည်ကတ်ကြေးကိုက်၊ ပလာတာ၊ ရန်ကုန်မုန့်ဟင်းခါး၊ ရွှေချည်နန်းမကင်းနှင့် ကျောက်ကျောသံပရာ အချိုရည်တို့ဖြင့် နိဗ္ဗာန်ဈေးဖွင့် ကျွေးမွေးဧည့်ခံကြသည်။

(မြို့နယ် ပြန်/ဆက်)

စစ်တွေခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် ခန်းမတွင် မေ ၆ရက်က ကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းက ဘိုးဘွား ၂၀ အား ဆေးဝါးများအတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကလူမှောင်ခိုကုန်ကူးမှု ကာကွယ်တားဆီးရေး ဟောပြောပွဲကို မေ ၁၈ရက်က ဒိုက်ဦးမြို့နယ် အမှတ်(၆)ရပ်ကွက်၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဝါဝါဦးက လူမှောင်ခိုကုန်ကူးမှု ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

အလယ်တန်းအဆင့်ကျောင်းဆောင်သစ်သီပေါ၌ဖွင့်

သီပေါ မေ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ရေဟော်ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အလယ်တန်းအဆင့်ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက ရေဟော်ကျောင်းတိုက်၌ ကျင်းပရာဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ် ရေဟော်ကျောင်းတိုက်ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝါသဝ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးအောင်နှင့် အလှူရှင်ဦးအောင်ဝင်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအုပ် ရေဟော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါသဝက သြဝါဒကထာ မြွက်ကြားတော်မူ၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးအောင်က အမှာစကားပြောကြားကာ မြို့နယ်ဥပဒေ္ဒာက အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ကျောင်း၏ ဖြစ်စဉ်နှင့် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါရေဟော်ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် လွန်ခဲ့သော ငါးနှစ်ခန့်ကစပြီး မူလတန်းလွန်အဆင့်မှ စတင် ဖွင့်လှစ်ခဲ့ရာ ယခုအလယ်တန်းအဆင့်အတွက် လိုအပ်နေသော ခြောက်ခန်းတွဲကျောင်းဆောင်သစ်ကြီးကို အလှူရှင် မြို့လယ်ရပ်နေ ဦးအောင်ဝင်းစိန်-ဒေါ်အေးကြိုင်(မြတ်အောင်လယ်ယာ သုံးကုန်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက ငွေကျပ် ၇၅ သိန်းကျော်ဖြင့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်း အပြင်အခြားအလှူရှင်များက ငွေကျပ် ၆၃၅၀၀၀ ကျော်တန်ဖိုးရှိ စာသင်ခုံများနှင့် ဗီရိုများကို လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း(၁၁)ရက်
၆-၆-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (နည်းပညာသုံး အသင့်သောက်နို့ထုတ်လုပ်မှုအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ညောင်ရမ်းစာ-မင်းလှဲ့ရီ)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ဘဝဟူသည် ရှန်းကန်လှုပ်ရှား ရမည်-သာရဝေါ်စိုးကြည်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (စီးတဲ့ရေ ဆည်တဲ့ကန်သင်း)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကြွပ်ကြွပ်အိတ်နှင့် ပတ်ဝန်းကျင်-ဒေါက်တာမြင့်သန်း) (ညောင်လေးပင်)

ညနေပိုင်း

၁၆း၀၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) မေတ္တာတေးသံဝေ
(၂) စိတ်ထားမြတ်ဖို့လိုသည်
(၃) ကျေးဇူးကမ္ဘာတင်
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်း၏ အကျိုးကျေးဇူး) (ဇင်မောင်ဝင်း)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သိတတ်လိုက်တာ)
၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကညွတ်ပင်)
၂၀း၃၀ ကလေးများအတွက် ပုံပြင် (ဂရုဓမ္မစောင့်ထိန်းကြ)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သစ္စာပန်းတစ်ခက်
(၂) ရွှေဘုံပေါ်မှာ စံစေချင်တယ်
(၃) အလွမ်းတစ်ရာ ပန်းတစ်ရာ

အမြို့မြို့ အနယ်နယ် သတင်းများ

သုံးခွမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ ကျောင်းသုံးစာရေးကိရိယာနှင့် အလှူငွေများပေးအပ်လှူဒါန်း

သုံးခွ ဇွန် ၁

သုံးခွမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၈ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကား ပြောကြားပြီး မြို့နယ် ပညာရေးမှူးဦးသန်းဌေးက ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အလှူရှင်များ၊အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့်ကျောင်းသူကျောင်းသားများ တက်ရောက်ကြပြီး ကျောင်းသုံး စာအုပ်များ၊ စာရေးကိရိယာနှင့် အလှူငွေများပေးအပ်ကာ အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ် ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေမြောင်းများတူးဖော်

ပုသိမ်မြို့ ကမ်းနားလမ်း တစ်လျှောက် လမ်းဘေးဝဲယာ ရေစီးရေလာ ကောင်းမွန်ရေး အတွက် ရေမြောင်းများ အတွင်း အမှိုက်များ တူးဖော်ရှင်းလင်းခြင်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ယာဉ်စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို မေ ၁၅ရက်က အင်ဂျင်နီယာမှူး ဦးစတင့်ဝေ ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ပေးအပ်

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုမေ၂၇ရက်က တိုက်ကြီးမြို့ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော သူငယ်တန်း ဖတ်စာအုပ်လေးမျိုးကို မြို့နယ် ပညာရေးမှူး ဦးသိန်းစံအောင်က သူငယ်တန်းကလေးငယ်တစ်ဦးအား ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်မြို့ လှိုင်(၁၆) ဦးအေးလမ်း အမှတ်(၄၉)နေ နှစ်ဖက်သော မိဘများအား အမွှးထား၍ ကိုကျော်ဝေ-မဝေဝေဝင်းဖေ၊(သား) မောင်ကောင်းဆက်(ခ)မောင်သော် ဒီဇေမိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေ ဘုရားစေတီရံ တစ်ဆူအတွက်အလှူ တော်ငွေကျပ် တစ်သိန်းဆက်ကပ် လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဆုတောင်းရစေတီတော်ရွှေထီးတော်သစ်တင်လှူမည်

သာစည် ဇွန် ၁

မိတ္ထီလာခရိုင် သာစည်မြို့ မင်းလှညောင်ရမ်းကန်တော်၏ ထိပ်တွင် အနော်ရထာမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော ကျောက်မြင့်ကုန်း (ဘုရားလေးကုန်း) ဆုတောင်းရစေတီတော်ကြီးအား သာစည်မြို့မှ ဓမ္မမိတ်ဆွေ သူတော်စင်များ စုပေါင်းပြုပြင်ကာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီး ရွှေထီးတော်သစ်တင်လှူပွဲကို ၁၃၆၈ ခုနှစ် နယုန်လပြည့်(ဇွန် ၁၀ ရက်)တွင် ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ထို့ပြင် လပြည့်ကျော်၁ရက်(ဇွန်၁၁ရက်)တွင် ရန်ကုန်မြို့ အောင်ချမ်းသာ ဆရာတော်က ကြီးမှူး၍ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တမာနိတဘိဝံသ ဆရာတော်၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တဥတ္တမ ရွာကြီးဆရာတော်၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဘဒ္ဒန္တဝိလာသ မကျီးအုပ်ဆရာတော်တို့အား ထပ်ဆင့်ပူဇော်ပွဲနှင့် ပင့်သံဃာအပါး ၁၀၀ အား ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို သာစည်မြို့ မောင်းမဆည်ရွာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တောင်ငူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် မေ ၂၄ရက်က တောင်ငူရုံးခွဲ ဝမ်းတီးနို့ဆီ ကိုယ်စားလှယ် ဦးဝင်းကျော်(သမာဓိ) မိသားစုက အလှူငွေ ၅၅၅၅၅ ကျပ် ပေးအပ်လှူဒါန်းရာ အလှည့်ကျဂေါပကဦးတင်ထွန်း (ကိုတင်ထွန်းလက်ဖက်ခြောက်)က လက်ခံယူစဉ်။ (၃၀၃)

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုကြည့်ရှု

ကျောက်ပန်းတောင်း မေ ၃၁

မန္တလေးတိုင်း မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းသည် ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ လိုက်ပါလျက်မေ၂၀ရက်နံနက်က ကျောက်ပန်းတောင်းမြို့နယ်သို့ ရောက်ရှိပြီး မုံကမ်းကျေးရွာအုပ်စု ပင်းချောင်းဆည်အနီးရှိ ယုဇနပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူပင်များ ပြုစုပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးရွှေမန်းက လိုက်လံရှင်းလင်းပြသသည်။

(မြို့နယ် ပြန်/ဆက်)

(၅၈)ကြိမ်မြောက် သွေးလှူဒါန်း

တောင်ကြီး မေ ၃၁

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လဲချားမြို့ အရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူးဦးကျော်ကျော်(ခ)ဦးမောင်ဘိုသည် မေ ၄ရက်က တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံကြီးတွင် (၅၈)ကြိမ်မြောက် သွေးလှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

အမျိုးသမီးများကျန်းမာရေးပညာပေးဟောပြော မကွေးတွင် အဘိုးအဘွားများအား ဆေးဝါးနှင့် ငွေများလှူဒါန်း

မကွေး မေ ၂၈

မကွေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဘိုးဘွား ၁၇ ဦးအား ဆေးဝါးများလှူဒါန်းခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း**(အပေါ်)ပုံ**နှင့် ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်၂၀၀၀စီပေးအပ်လှူဒါန်းပြီး အမျိုးသမီးများအတွက် ကျန်းမာရေးအကြောင်းသိကောင်းစရာ အသိပညာ ပေးဟောပြောပွဲကို မေ၂၁ရက်က မကွေးမြို့ဘုရားပြိုကျေးရွာ တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်မြမြအေးက အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်က လုပ်ငန်းဆောင်ရွက်နေမှုများ အခြေအနေများကို လည်းကောင်း၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးတာဝန်ခံ ဒေါ်ခင်သန်းဝင်းက တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်းကိုလည်းကောင်း၊ ယဉ်ကျေးမှုတာဝန်ခံ ဒေါ်ခင်မာညိုက မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးသိမ်မွေ့မှု အကြောင်းကိုလည်းကောင်း၊ စည်းရုံးရေးတာဝန်ခံ ဒေါ်သင်းသင်းယုက တိုင်းရင်းဆေးစွမ်းကောင်းများအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းအသိပညာပေး ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ချုံနွယ်ပေါင်းမြက်များ စုပေါင်းရှင်းလင်း

တောင်ငူ မေ ၃၀

တောင်ငူမြို့ သန့်ရှင်းသာယာရေးလှုပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အပတ်စဉ်စနေနေ့တိုင်းဆောင်ရွက်လျက်ရှိရာ မေ၂၀ ရက်က တောင်ငူမြို့ အမှတ်(၁၈) ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာ ဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ စုပေါင်းရှင်းလင်းခြင်း လုပ်ငန်းကို ခေတ္တအမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ဦးဆောင်ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ **(မြို့နယ် စည်ပင်)**

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုများကို မေ၉ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပညာရောင်ခြည်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်း

မြင်းမူ မေ ၃၁

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာပြည်သူများက ပညာရောင်ခြည်စာကြည့်တိုက်သို့ စာအုပ်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မေ ၁၈ရက်က မြင်းမူမြို့နယ် ဝိုင်းမင်းကျေးရွာပညာရောင်ခြည်စာကြည့်တိုက် ရှေ့မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီနာယက ဆရာတော်ဘဒ္ဒန္တ နန္ဒာသီရိက ဩဝါဒစကားမြွက်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဦးမြင့်နိုင်စိုးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရောင်ခြည် စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းကြရာစာကြည့်တိုက်လက်ထောက်(၃) ဦးမြင့်နိုင်စိုးက စာအုပ်၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဦးစန်းလွင်က စာအုပ်၈၀၊ ကျေးရွာပြည်သူများက လှူဒါန်းသော စာအုပ် ၃၅၀ကို ကျေးရွာဥက္ကဋ္ဌဦးအောင်မောင်းက ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူးဦးဝင်းညွန့်က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည် ပေးအပ်သည်။ **(၁၆၇)**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ခြံစည်းရိုးကြက်ဆူပင်ပျိုးကိုင်းများကို စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနေရာတွင် စုပေါင်းစိုက်ပျိုးမှုကို မေ ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (နယ်စပ်/စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရွှေ့ချောင်းနှင့် ပြည်သာယာခန်းမကြား မြေနေရာ၌ ခြံစည်းရိုး ကြက်ဆူပင်၂၀၀၀ကို မေ၂၇ရက်က မြေချစိုက်ပျိုးကြစဉ်။ (မြို့နယ် စည်ပင်)

သာကေတမြို့နယ် နတ်မောက်ကျောင်း၌ ယုဇနပိဗမာန်တော်ဖွင့်လှစ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၄

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက် ရွှေခင်းသာလမ်းရှိ နတ်မောက်ကျောင်းအတွင်း၌ တည်ဆောက်ပြီးစီးသွားသော ယုဇနပိဗမာန်တော် ဖွင့်ပွဲအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါကျောင်းရှိ ယုဇနပိဗမာန်တော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ ယုဇနပိဗမာန်တော် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံ ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၊ ရန်ကုန်တိုင်း ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး နတ်မောက်ကျောင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုသလနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဧည့်သည်များ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ရှင်၊ ဂီတအနုပညာရှင်များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ယုဇနပိဗမာန်တော် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၅ရက်)၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မုတ်သုံလေ အားကောင်းလျက်ရှိ

ရန်ကုန် ဇွန် ၄

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်း၌ နေရာကျဲကျဲ၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်ကျားမိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၄ဒသမ ၈၀ လက်မ၊ ထားဝယ်မြို့၌ ၂ဒသမ ၃၆ လက်မ၊ပူတာအိုမြို့နှင့် ဗန်းမော်မြို့တို့တွင် ၂ဒသမ ၁၇လက်မစီနှင့် မော်လမြိုင်မြို့တွင် ၁ ဒသမ ၇၇ လက်မတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအများအားဖြင့် အားကောင်းလျက်ရှိသည်။

ဇွန် ၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်အရ မုတ်သုံလေအားကောင်းမည်ဟု သိရသည်။ (မြန်မာ့အလင်း)

ပြည်သူများ လျှပ်စစ်မီးမပြတ်ရရှိရေး တာဝန်ကျေပွန်အောင်ဆောင်ရွက် ဓာတ်အားများ ပျောက်ဆုံးမှုမရှိစေရေး စနစ်တကျမှတ်တမ်းထားရှိဖြန့်ဖြူး

ရန်ကုန် ဇွန် ၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စိန်ပန်းမြိုင်ဓာတ်အားခွဲရုံသို့ ရောက်ရှိ၍ ဓာတ်အားခွဲရုံမှူး ဦးမြတ်နိုင်ဦးက မဟာဓာတ်အားလိုင်းနှင့် ဓာတ်ငွေ့စက်ရုံများမှ ဓာတ်အားရရှိမှု၊ ရန်ကုန်မြို့တော်အတွင်း ဓာတ်အားပြန်လည်ဖြန့်ဝေမှုနှင့် မြို့နယ်အလိုက်ဓာတ်အားလိုင်း ဆက်သွယ်မှုစနစ်များကို ရှင်းလင်းတင်ပြရာ *စာမျက်နှာ ၇ ကော်လံ ၁* ■

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာမြို့ရှိ မြန်မာ့လျှပ်စစ်အလင်းရောင်ကုမ္ပဏီလီမိတက်၏ ကျောက်တိုင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)